# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 4 July 2022 ၁၀၇၈၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာအေးဘုရားလမ်း ဓမ္မစကြာရိပ်သာကျောင်းတိုက်ရှိ အနန္တသုခ ငါးထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနန္တသုခ ငါးထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီးကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကမ္ဘာအေးဘုရားလမ်း ဓမ္မစကြာရိပ်သာကျောင်းတိုက်ရှိ အနန္တသုခ ငါးထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာဖွင့်ပွဲသို့ ယနေ့ နံနက်ပိုင်းတွင် တက်ရောက်ဖွင့်လှစ်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး၊ အလှူရှင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ကျောင်းဒါယိကာအလှူရှင် ဒေါက်တာသာရင်မြတ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အနန္တသုခ ငါးထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းအား **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✰

ယနေ့ ဖတ်စရာ

**ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာစေဖို့ လက်ဆင့်ကမ်းသွန်သင်ဆုံးမပေးကြစို့ ...**

ဆောင်းပါး စာမျက်နှာ » ၁၀



**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂

**မန္တလေးမြို့၌ ဂျပန်စက်ဘီးများ ဈေးကွက်နေရာရရှိ**

စာမျက်နှာ » ၂၃



## ကြေးမုံ

# ကျန်းမာရေးအသိ အမြဲရှိလျက်နေထိုင်

ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်သည့် အများပြည်သူသို့ အသိပေးသော သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် Mask တပ်စရာမလိုတော့ဟု အတွေးမမှားဖို့လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေးအတွက် ပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်း(Mask) မဖြစ်မနေတပ်ဆင်ရန် အစဉ်အမြဲတိုက်တွန်းနှိုးဆော်ခဲ့ပါသည်။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်း၊ ပြည်သူလူထုက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းများကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနှုန်းနှင့် သေဆုံးမှုနှုန်းများ သိသိသာသာ ကျဆင်းလာပြီဖြစ်၍ နှာခေါင်းစည်းတပ်ဆင်ခြင်းကို လုံးဝပယ်ဖျက်ခြင်းမဟုတ်ဘဲ ဖြေလျှော့ပေးလိုက်ခြင်းဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အခန်းတွင်း၌ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေသည့်အခါ၊ အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့်ယာဉ်များဖြင့် ခရီးသွားလာသည့်အခါ၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာန၊ ရုံး၊ ကျောင်း၊ ဈေးဝယ်စင်တာ၊ ဘိုးဘွားရိပ်သာ အစရှိသည့် လူနေထူထပ်သောနေရာများ၌ လူအများနှင့်အတူရှိနေသောအခါ၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိသောအခါများတွင် ပါးစပ်နှင့် နှာခေါင်းစည်းအား မဖြစ်မနေတပ်ဆင်ရန် လိုအပ်ပြီး ယင်းအခြေအနေများမဟုတ်သည့် အနေအထားတွင်မူ Mask ကို မတပ်ဘဲနေနိုင်သည့်သဘောဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်တွင် အရှင်းပျောက်ကွယ်သွားခြင်းမရှိသေးဘဲ နိုင်ငံအချို့တွင် ရောဂါဖြစ်ပွားနှုန်း မြင့်မားနေဆဲဖြစ်ပြီး အချို့နိုင်ငံများတွင်မူ လျော့ကျလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ သိသာစွာလျော့ကျသွားသော်လည်း ရောဂါပိုးတွေ့ရှိမှု နေ့စဉ်အနည်းငယ်ရှိနေပြီး အချို့ရက်များတွင် ဆယ်ဂဏန်းအထက် တိုးလာသည်ကို တွေ့ရပါသည်။ ရောဂါကြောင့် သေဆုံးသူမရှိတော့သော်လည်း ရောဂါပိုးမတွေ့တော့သည့်ရက်မရှိသေးပါ။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဥပေက္ခာပြုထားရန် မသင့်သေးဟု ဆိုချင်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်သည့် ဗီဇမျိုးကွဲမျိုးစိတ်များ ဆက်လက်ပေါ်ထွက်နေဆဲဖြစ်ပြီး မကြာသေးမီက မျောက်ကျောက်ရောဂါတစ်မျိုး အာဖရိကတွင် စတင်တွေ့ရှိကာ ယခုအခါ ကမ္ဘာ့နိုင်ငံ ၄၄ နိုင်ငံသို့ ပျံ့နှံ့ရောက်ရှိသွားသဖြင့် ကူးစက်လူနာပေါင်း ၃၅၀၀ ကျော်ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။ အမှန်တကယ်တွင် ဗိုင်းရပ်စ်ပိုးမွှားများသည် လူတို့နှင့်အတူရှိနေတတ်ပြီး လူတို့ကိုယ်ခံအားကောင်းနေသောအခါ၊ အကျိုးပြုပိုးများရှိနေသောအခါ လူကိုအန္တရာယ်ပေးနိုင်သောဗိုင်းရပ်စ်ပိုးများ ဝင်ရောက်ကူးစက်နိုင်ခြင်းမရှိဘဲ လူတွင် ကိုယ်ခံအားနည်းသွားသည့်အခါ ရောဂါပိုးများဝင်ရောက်လာနိုင်ပါသည်။

ထို့အပြင် လူတို့ကမ္ဘာတွင် ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်မှုများ၊ ကြောက်မက်ဖွယ်ရာ ကပ်ရောဂါပိုး ဆိုက်ရောက်မှုများရှိခဲ့ဖူးပြီး အနာဂတ်ကာလတွင်လည်း ရှိလာနိုင်ပါသည်။ ရောဂါစတင်ဖြစ်ပွားသည့်နေရာမှသည် အခြားသို့ပျံ့နှံ့လာခြင်းသည် လူတို့ကြောင့်ပင်ဖြစ်သည်ကို သတိမူရမည်ဖြစ်သည်။ လူတို့၏ ကြောက်စိတ်များကြောင့် ရွှေ့ပြောင်းထွက်ခွာနေထိုင်ကြရာမှ၊ လူတို့၏ မဆင်မခြင် ကျန်းမာရေးနှင့်မညီညွတ်သည့် နေထိုင်မှုပုံစံများရှိကြရာမှ၊ လူ့အသုံးအဆောင်ပစ္စည်းများမှ ရောဂါပိုးများ ပျံ့နှံ့လာခဲ့သည်ကို သတိပြုရမည်ဖြစ်သည်။ လူတို့၏နေထိုင်လုပ်ကိုင်မှုဘဝ အဆင်ပြေစေရေးအတွက် ဖြေလျှော့ပေးလိုက်သော်လည်း မေ့မေ့ပျောက်ပျောက် ပေါ့ပေါ့တန်တန် မနေကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မည်သည့်ကိစ္စတွင်မဆို သတိဆိုသည်မှာ ပိုသည်မရှိပါ၍ ကျန်းမာရေးနှင့်ပတ်သက်လာလျှင်လည်း အစစအရာရာ သတိထားကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ ကိုဗစ်-၁၉ ရောဂါ အရှင်းမကွယ်ပျောက်သေးသောအခါ၌ ပတ်ဝန်းကျင်အခြေအနေကိုသတိမူပြီး ကျန်းမာရေးအသိအမြဲရှိ၍ ဆောင်ရွက်သင့်သည်တို့ကို ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**



ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မော်တောင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ လမ်းမကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ရှင်မတောင်ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တိုက်ကြီး ဇူလိုင် ၃**



ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ် (၁) ရပ်ကွက်ရှိ ဆည်မြောင်းရေကင်းစခန်း၌ မိုးရာသီကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြစ်ရေကြီးမှုဖြစ်ပွားလာပါက ဆောင်ရွက်ရမည့် အစီအမံများ သရုပ်ပြရှင်းလင်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မြစ်ရေကြီးမှုဖြစ်ပေါ်လာပါက တာတမံကာကွယ်ရေးလုပ်ငန်း ထူးပေါက် ပေါက်လာပါက ရေခွေခွေပြီး ကာကွယ်ရမည့်လုပ်ငန်းများ၊ တာပေါ်ရေကျော်လာပါက တာပေါင်ပေါ်သဲအိတ်များဆင့်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တာအိတာလျှောကျလာပါက သဲအိတ်များဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ခံဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းနှင့် ဦးစီးမှူးဦးဌေးနိုင်မြင့်တို့က မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး ရဲမင်းအောင်၊ အဖွဲ့ဝင် (၂) ဦးမောင်မောင်လတ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများအား သရုပ်ပြရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဧရာဝတီမြစ်ရေကြီးလာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဲအိတ်များ၊ မျောတိုင်များ၊ ထရံများ၊ ပီနံအိတ်များနှင့် အုန်းဆံကြိုးများ အစရှိသည့် အရေးပေါ်သုံးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများ၊ မြစ်ကမ်းတစ်လျှောက် တာတမံအခြေအနေများ၊ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ သဲလိုင်စင်လျှောက်ထားသည့်နေရာများ၊ မြစ်ကမ်းပြို၍ နေအိမ်များ ဖျက်သိမ်းနေသည့် အုန်းပင်ကွင်းကျေးရွာအုပ်စုဒေသအခေါ် ရေပြန်အရှေ့ကျေးရွာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# မြစ်ရေတင်ဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်သည် ရေအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ SMART Village ကျေးရွာဖြစ်သည့် ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ မြစ်ရေတင် ဆောင်ရွက်ပေးနိုင်ရေးအတွက် မြောင်းလက်တံများ မြေလှူဒါန်းရေးနှင့် ရေတင်စက်ရှင်းလင်းဆောင်နေရာ ပေ ၁၀၀ ပတ်လည်မြေရရှိရေး၊ ကျေးရွာမှ ရွာပိုင်မြေရရှိရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အသေးစိတ်မြေပြင်အဆင့် တိုင်းတာတွက်ချက်ပေးရန် ရေအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများအား ညှိနှိုင်းပြောကြားခဲ့ကြောင်း၊ SMART Village ကျေးရွာဖြစ်သည့် ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ မြစ်ရေတင်ဆောင်ရွက်ပေးနိုင်ပါက စိုက်ဧက ၇၀၀ ရှိ မိုးစပါး၊ ဆောင်းပဲတီစိမ်း နှစ်သီးစိုက်ပျိုးရာမှ သုံးသီးစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



## ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ ရှေ့ဖုံးမှ

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဗန်းမော်ဆရာတော်ကြီးနှင့် ဓမ္မစကြာရိပ်သာဆရာတော်တို့ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ကျောင်းတော်ကြီးကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဗန်းမော်ဆရာတော်ဘုရားကြီးထံသို့ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အနန္တသုခ ငါးထပ်ကျောင်းဆောင်တော်ကြီးကို ဓမ္မစကြာရိပ်သာဆရာတော် ဘဒ္ဒန္တ အာဝုဓထံသို့ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိသားစုဝင်များ၊ အလှူရှင်များနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းဒါယကာ အလှူရှင် ဒေါက်တာသာရင်မြတ်က ဝမ်းမြောက်ကျေးဇူးတင်စကား လျှောက်ထားသည်။

ဆက်လက်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ ကျောက်မဲဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး ကျောင်းလှူတ်ပူဇော မဟာမင်္ဂလာပွဲအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် တက်ရောက်လာကြသူများသည် အနန္တသုခ ငါးထပ်ဓမ္မဗိမာန်ကျောင်းတော်ကြီးကို လှည့်လည်ကြည့်ရှုကြပြီး ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

### ထိန်းသိမ်းစောင့်ရှောက်

အဆိုပါ ဓမ္မစကြာရိပ်သာကျောင်းတိုက်ကြီးကို ၁၉၅၄ ခုနှစ်တွင် ဘဒ္ဒန္တဝိဓေဇာသိရီမဟာထေရ်မြတ်က စတင်တည်ထောင်တော်မူခဲ့ကြောင်း၊ ထို့နောက် ကျောင်းတိုက်ကြီးကို လက်ဆင့်ကမ်း၍ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ယခု ကျောင်းလှူတ်ပူဇာသဘင်ပြုလုပ်သည့် အနန္တသုခ ငါးထပ်ဓမ္မဗိမာန်ကျောင်းတော်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသည့် ကျောင်းဒါယကာ၊ ဒါယိကာမများက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၂ ရက်တွင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အလျား ၁၀၈ ပေ၊ အနံ ၄၅ ပေ ရှိ ငါးထပ်ကျောင်းတော်ကြီးမှာ ဘဒ္ဒန္တ အာဝုဓ၊ ပဓာနနာယက ဓမ္မစကြာရိပ်သာဆရာတော်အား အမှူးထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ကျောင်းဒါယကာ ဒေါက်တာ သာရင်မြတ်၊ ဇနီး သီဟသုဓမ္မသိင်္ဂီ လူမှုထူးချွန် ကျောင်းဒါယိကာမ ဒေါ်နွယ်နွယ်အေးနှင့် မိသားစုဝင်များက မတည်လှူဒါန်းပြီး Four River Myanmar Co., Ltd. အမေရိကန်ကုမ္ပဏီမိသားစုနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ငွေကျပ်သိန်းပေါင်းတစ်သောင်းကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ကျောင်းဒါယကာအလှူရှင် ဒေါက်တာသာရင်မြတ်တို့က အနန္တသုခ ငါးထပ်ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလှူတ်ပူဇာဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံ တရားဝင်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

ပုဂံ ဇူလိုင် ၃

ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံ တရားဝင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော် ပရိဝုဏ်အတွင်းရှိ ချူအင်လိုင်းတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ ရွှေစည်းခုံစေတီတော်မြတ်အား လှည့်လည်ဖူးမြော်စဉ်။

**ရုပ်သံဗီဒီယိုကိုပြသ**

ရှေးဦးစွာ အခမ်းအနားတွင် "တို့ခေါ်မယ် ပေါက်ဖော်" ရုပ်သံဗီဒီယိုကို ပြသသည်။


ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းသည် မြန်မာနိုင်ငံသို့ ၉ ကြိမ် လာရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၁၉၆၁ ခုနှစ်က လာရောက်ခဲ့စဉ် တန်ဆောင်း ဆောက်လုပ်လှူဒါန်းခဲ့ရာ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုအတွက် အမှတ်သင်္ကေတတစ်ခု ဖြစ်လာခဲ့ပါကြောင်း၊ ယနေ့ မိမိအနေဖြင့် တန်ဆောင်းအဆင့်မြှင့်တင်ဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်ခြင်းသည် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို အမွေဆက်ခံခြင်းဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံ၏ ရှင်းလင်းသည့် ရပ်တည်ချက်ကို ထင်ဟပ်စေပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှ နှစ်နိုင်ငံ ပြည်သူများကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က ယနေ့ မိမိတို့ စုဝေးရောက်ရှိနေကြသည့် ချူအင်လိုင်းတန်ဆောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ထင်ဟပ်ပြသရာရောက်စေပါကြောင်း၊ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်များဆီသို့ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို လက်ဆင့်ကမ်းပေးနိုင်ပြီး တရုတ် – မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရေးဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ချူအင်လိုင်း တန်ဆောင်းအတွင်း လှည့်လည်ကြည့်ရှုကြကာ တန်ဆောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ရွှေစည်းခုံစေတီတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သဗ္ဗညုဂူဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် သဗ္ဗညုဘုရားပြုပြင်ရေး စီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းနည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင် မစ္စတာလှီယွမ်ပင်းက သဗ္ဗညုဘုရားပြုပြင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ သဗ္ဗညုဘုရားပြုပြင်ရေး စီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ ဘုရားပေါင်း ၄၂၅ ဆူ ထိခိုက်ပျက်စီးခဲ့ရာ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တရုတ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ် ပြည်နယ်စီမံခန့်ခွဲရေး ပူးပေါင်းအလုပ်အမှုဆောင်အဖွဲ့ကို စေလွှတ်ပြီး မြန်မာနိုင်ငံမှ ပျက်စီးမှုကြီးမားသည့် ဘုရား ၂၁ ဆူကို လေ့လာစစ်တမ်း ကောက်ယူခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် MoU ရေးထိုးခဲ့ကြကာ တရုတ်နိုင်ငံ အထောက်အပံ့ဖြင့် သဗ္ဗညုဘုရားပြုပြင်ရေးစီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ သဗ္ဗညုဘုရားပြုပြင်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းနည်းပညာပိုင်းဆိုင်ရာခေါင်းဆောင် မစ္စတာလှီယွမ်ပင်းက ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ ချူအင်လိုင်း တန်ဆောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

✪ ကျောဖုံးမှ

ဆက်လက်အကောင်အထည်ဖော်သွားရေး၊ တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာများ မြန်မာနိုင်ငံသို့ ပိုမိုတင်သွင်းနိုင်ရေး၊ မြန်မာနိုင်ငံမှ လယ်ယာနှင့် ရေထွက်ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့သွားနိုင်ရေး၊ မြန်မာပညာသင်များ တရုတ်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ရရှိရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေးနှင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ၌ ကုန်သွယ်မှုချောမွေ့စေရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် စသည့် ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း ဆွေးနွေးကြသည်။




**ဆွေးနွေး**

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှု မပြုရေးမူဝါဒနှင့် အာဆီယံပဋိညာဉ်၊ အခြေခံမူများကို အခြေခံကာ အာဆီယံတူညီဆန္ဒ(၅) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နောက်ဆုံးနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စွာ ဖော်ဆောင်နေမှုတို့ကို တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီနှင့် နိုင်ငံခြားရေးဝန်ကြီးအား ရှင်းလင်းပြောကြားသည်။

နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများ၏ရှေ့မှောက်၌ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ခုနှစ် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းလက်ခံလွှာ၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ တရုတ်နိုင်ငံ၏ အထောက်အပံ့ဖြင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) အဆင့်မြှင့်တင်ရေးစီမံကိန်း သဘောတူညီချက်၊ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေး စီမံကိန်း သဘောတူညီချက်၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံမြောက်ပိုင်းဒေသသို့ လှူဒါန်းသည့် ယွမ်(၁၀ ဒသမ ၅)သန်းတန်ဖိုးရှိ အရေးပေါ် ကူးစက်ရောဂါကာကွယ်ရေးအထောက်အပံ့များနှင့် မြန်မာနိုင်ငံသို့လှူဒါန်းသည့် ယွမ် ၃၂ သန်းတန်ဖိုးရှိ အရေးပေါ် ကူးစက်ရောဂါကာကွယ်ရေး အထောက်အပံ့များဆိုင်ရာ လွှဲပြောင်းပေးအပ်/လက်ခံလွှာ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အလွယ်တကူတပ်ဆင်နိုင်သည့် အိမ်အလုံးရေ ၁၀၀၀ လွှဲပြောင်းပေးအပ်/လက်ခံလွှာတို့ကို မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တရုတ်ဘက်မှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့က လွှဲပြောင်းလက်ခံလဲလှယ်ခဲ့ကြသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

## (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများဖြစ်ကြသည့် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxay Kommasith၊ ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bui Thanh Son တို့သည် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုဂံ-ညောင်ဦး လေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့က လေဆိပ်၌ ကြိုဆိုကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာစားပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။**သတင်းစဉ်**



ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ပုဂံ-ညောင်ဦး လေဆိပ်သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၈ ဒသမ ၆၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဇူလိုင်လ(၃)ရက်နေ့တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြောကြားသည့် မိန့်ခွန်း

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပတဲ့ ၂၀၂၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ၂၀၂၂ ခုနှစ် ဇူလိုင်လ(၃) ရက်နေ့ဟာ မြန်မာနိုင်ငံဒေသ အသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့ မြန်မာအမျိုးသမီးများနေ့ ဖြစ်ပါတယ်။ ဒီလို နေ့ထူးနေ့မြတ်ဖြစ်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား ကျွန်တော့်အနေနဲ့ရော မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသမီးများနေ့နဲ့ ပတ်သက်လို့ ၂၀၂၂ ခုနှစ် မတ်လ(၈)ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို **"စဉ်ဆက်မပြတ်တိုးတက်ဖို့ ကျား၊ မ တန်းတူညီမျှစို့"** (Gender equality today for a sustainable tomorrow) ဆောင်ပုဒ်နဲ့အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ကျင်းပခဲ့ပါတယ်။

ဒါကတော့ အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ဂရုပြုအာရုံစိုက်မိလာစေဖို့နဲ့ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို အလေးထားအကောင်အထည်ဖော်နိုင်ကြစေဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနား တွေကို ကမ္ဘာနဲ့အဝှမ်းကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း မြန်မာအမျိုးသမီးများနေ့ ပေါ်ပေါက်လာတာက ၁၉၉၅ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံကနေ စတင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

အဲဒီညီလာခံက ချမှတ်ခဲ့တဲ့ဘေဂျင်းကြေညာစာတမ်းအရ နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများအားလုံး အမျိုးသားများနဲ့တန်းတူ ကဏ္ဍစုံ လုပ်ငန်းနယ်ပယ်အသီးသီးမှာ တန်းတူညီမျှ ပါဝင်ခွင့်ရရှိစေဖို့နဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ တန်းတူညီမျှရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံနဲ့ အကြမ်းဖက်မှုများကနေ တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ နိုင်ငံအဆင့် ဦးစီးဦးဆောင်လှုပ်ရှား ဖော်ဆောင်နိုင်မယ့် အဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ (၃) ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီလို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ ဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ(၃)ရက်နေ့ကို နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်ကြည့်ရင် ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှာ အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးသူရဲကောင်းများစွာ ရှိခဲ့ကြသလို ခေတ်အဆက်ဆက်မှာလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာ နယ်ပယ်များမှာ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများ ပေါ်ထွက်ခဲ့ပါတယ်။

နယ်ပယ်စုံ၊ ကဏ္ဍစုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေရပြီး မျက်မှောက်ကာလမှာလည်း မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ ရင်ပေါင်တန်းကာ နယ်ပယ်အသီးသီးမှာ ပါဝင်လျက်ရှိကြပါတယ်။ ခေတ်အဆက်ဆက်မှာ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများဟာ နိုင်ငံနဲ့လူမျိုးအတွက် ကြိုးပမ်းကြတဲ့နေရာမှာ လွတ်လပ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ ပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးတွေဟာ အိမ်ထောင်စုတစ်ခုရဲ့ ပွဲကိုင်ရှင်တွေဖြစ်သလို နိုင်ငံတော်ရဲ့ အင်အားစုတစ်ရပ်လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်တဲ့အတွက် အဲဒီလိုပိုမိုမြင့်တက်တဲ့ အမျိုးသမီးထုရဲ့အင်အားကို နိုင်ငံတော်ကို အကျိုးပြုနိုင်မယ့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်ပြီး ကြီးမားတဲ့အင်အားကို ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာအမျိုးသမီးများရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေဖို့ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုကို အသိအမှတ်ပြုအလေးထားဂုဏ်ပြုတဲ့အနေနဲ့ အခုလို **"မြန်မာအမျိုးသမီးများနေ့"** ကို နိုင်ငံတော်အဆင့် ဂုဏ်ပြုအခမ်းအနား နှစ်စဉ်ကျင်းပပေးနေတာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့အတွက် ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(Convention on the Elimination of All forms of Discrimination Against Women–CEDAW) နဲ့ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂက ချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) စတဲ့ နိုင်ငံတကာလုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏မူဝါဒနှင့်အညီ အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖြစ် အာဆီယံအမျိုးသမီး ကော်မတီ (ASEAN Committee on Women–ACW) နဲ့ အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children–ACWC) အာဆီယံ ငြိမ်းချမ်းရေး မှတ်ပုံတင်အမျိုးသမီး ကိုယ်စားလှယ် (ASEAN Women for Peace Registry – AWPR) စတာတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး လုံးဝလက်မခံတဲ့ မူဝါဒကို လက်ကိုင်ထားဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြယုဂ်တစ်ခုအနေနဲ့ ပဋိပက္ခကာလအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာပူးတွဲကြေညာချက် (Joint Communique on Prevention and Response to Conflict Related Sexual Violence)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ပါဝင်လက်မှတ်ရေးထိုးထားပါတယ်။

ပူးတွဲကြေညာချက်အရ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၂) ကို ရေးဆွဲထားရှိပြီး ၁၀–၁၁–၂၀၂၁ ရက်နေ့ကစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ အချက်အလက်များကို ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ တားဆီးကာကွယ်ရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့နိုင်ရေးဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ဒါ့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု စံလုပ်ငန်းလမ်းညွှန်(SOP)နဲ့အညီ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေသလို ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်ဖို့၊ အကြမ်းဖက်မှုကျူးလွန်သူတွေကို ထိရောက်တဲ့ ပြစ်ဒဏ်ပေးနိုင်ဖို့အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ကို ရေးဆွဲထားရှိပြီး ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အမျိုးသမီးများအရေးကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ချမှတ်ထားတဲ့ မူဝါဒ(၄)ရပ်၊ လုပ်ငန်းတာဝန်(၇)ရပ်နဲ့အညီ ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းထားရှိပြီး အမျိုးသမီးများအား နည်းမျိုးစုံနဲ့ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း CEDAW ပါ ကတိကဝတ်များနဲ့ အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်ပါ ဦးစားပေး နယ်ပယ်(၁၂)ရပ်နဲ့အညီ ရေးဆွဲထားတဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) တို့ကို အကောင်အထည်ဖော်ရာမှာ ကော်မတီအနေနဲ့ အဓိကအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီ မဟာဗျူဟာစီမံကိန်းအနေနဲ့ အခု ၂၀၂၂ ခုနှစ်မှာ စီမံကိန်းကာလ ပြီးဆုံးတော့မှာဖြစ်တဲ့အတွက် စီမံကိန်းအလွန်မှာ စီမံကိန်းရဲ့အားသာချက်၊ အားနည်းချက်များအပေါ် လေ့လာ

စာမျက်နှာ ၇ သို့ ✻

- **မြန်မာနိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်တဲ့အတွက် အဲဒီလို ပိုမိုမြင့်တက်တဲ့ အမျိုးသမီးထုရဲ့အင်အားကို နိုင်ငံတော်ကို အကျိုးပြုနိုင်မယ့်လူ့စွမ်းအား အရင်းအမြစ်များအဖြစ် မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အားကိုးအားထား ပြုနိုင်ပြီး ကြီးမားတဲ့အင်အားကို ရရှိမှာဖြစ်**
- **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစံ လုပ်ငန်းလမ်းညွှန်(SOP)နဲ့အညီ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေသလို ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်ဖို့၊ အကြမ်းဖက်မှုကျူးလွန်သူတွေကို ထိရောက်တဲ့ ပြစ်ဒဏ်ပေးနိုင်ဖို့အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲထားရှိပြီး ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အမျိုးသမီးများအရေးကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်**

# အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ရွှေတိဂုံစေတီတော် ဖူးမြော်

**ရန်ကုန် ဇူလိုင် ၃**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဧည့်သည်တော်နှင့်အဖွဲ့သည် တောင်ဘက်ဧည့်ခံတန်ဆောင်း၌ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော် ဓာတ်ပုံနှင့် သမိုင်းမှတ်တမ်းစာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော်နှင့်အဖွဲ့သည် ရင်ပြင်တော်တစ်ပတ်လှည့်လည် ကြည့်ရှုလေ့လာပြီး အလှူရှင်ဧည့်ခန်းမဆောင်၌ စေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်သည် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ရန်ကုန်မြို့မှ ပုဂံမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **သတင်းစဉ်**



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃) နေပြည်တော်၌ ကျင်းပသည်။




မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ထူးချွန်ဆုရရှိသူ အမျိုးသမီးများ၊ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ထူးချွန်ဆုရရှိသူ အမျိုးသမီးတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

**အဖွင့်မိန့်ခွန်းပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ (၆၊၇)တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များကို ဖော်ညွှန်းသည့် Video Clip ကို ပြသရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ ထူးချွန်အမျိုးသမီး တပ်မတော်(ကြည်း) အရာရှိနှစ်ဦး၊ ထူးချွန်အမျိုးသမီး ရဲမေ တစ်ဦး၊ ထူးချွန်အမျိုးသမီး ကြက်ခြေနီ တစ်ဦး၊ ထူးချွန်အမျိုးသမီး မသန်စွမ်း တစ်ဦး၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ထူးချွန်အမျိုးသမီး အားကစားသမား ခုနစ်ဦး၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ (သိပ္ပံ၊ ဝိဇ္ဇာ၊ ဝိပ္ပံ) ဘာသာတွဲများ၌ အမှတ်အများဆုံး ရရှိခဲ့သည့် ကျောင်းသူသုံးဦး၊ ရိုးရာပွဲတက်ဝတ်စုံချုပ် ပြိုင်ပွဲတွင် ဆုရရှိသူ လူမှုဝန်ထမ်းဦးစီးဌာန (ပုသိမ်မြို့ )အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ အမျိုးသမီးဝန်ထမ်း သုံးဦးတို့ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်ကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာစိပ်စိပ်နှင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ဥပဒေရုံးများ ဖွင့်လှစ်ပေး

**ရန်ကုန် ဇူလိုင် ၃**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဥပဒေရုံးအဆောက်အအုံသစ်များကို မြို့နယ်များအလိုက် သီးခြားစီဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သာကေတမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်နှင့် ရန်ကင်း၊ အလုံမြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်များကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ရုံးသစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းအား နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြကာ အဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။




ထို့နောက် မြို့နယ်အဆောက်အအုံသစ်များ ဖွင့်လှစ်ခြင်းအခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ဥပဒေချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အဆောက်အအုံသစ်များအား ဆောက်လုပ်ခဲ့ကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အဆောက်အအုံဆိုင်ရာအချက်အလက်များကို တိုင်းဒေသကြီးဥပဒေအရာရှိ ဦးမောင်မောင်တာထံ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို မင်္ဂလာခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ဗီဒီယိုမှတ်တမ်းဖြင့်ပြသပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိခဲ့ကြသော ဝန်ထမ်းသား၊ သမီးများအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဥပဒေချုပ်တို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် သွင်းအားစုဓာတ်မြေဩဇာထောက်ပံ့ပွဲသို့ တက်ရောက်

**ညောင်တုန်း ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက် ၉နာရီခွဲတွင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာသို့ရောက်ရှိပြီး ကွင်းအမှတ်(၃၈၂)ရှိ တောင်သူသုံးဦး၏ လယ်မြေ ၁၀ ဧကတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး၏ စိုက်ပျိုးကေများတွင် အထွက်နှုန်းပိုမိုတိုးတက်လာစေရေး၊ နွေစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံနေကြာစိုက်ဧကများ ပိုမိုစိုက်ပျိုးကြရန်နှင့် စပါးတစ်ဧကလျှင် တင်း ၁၀၀ နှုန်း ထွက်ရှိရေး အားထုတ်ကြိုးပမ်းကြရန် မှာကြားပြီး ဧက ၁၀၀ စံပြစိုက်ကွက်ရှိ တောင်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရေနံမြေရှင်းလင်းဆောင်တွင် အထွေထွေမန်နေဂျာ ဦးဌေးဝင်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်



နိုင်မှု၊ သိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကလော ဇူလိုင် ၃**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် တောင်ကြီးမြို့ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးသို့ ရောက်ရှိပြီး မကြာမီဖွင့်လှစ်မည့် လူထုအခြေပြုဗဟိုဌာန ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ရုံးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ညောင်ရွှေမြို့နယ်နှင့် ကျောက်တလုံးကြီးမြို့ရုံးတို့မှ ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ဇုန်နယ်




တာဝန်ခံနှင့် အင်ဂျင်နီယာများ၊ ကိုယ်ပွားသတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အတူ ခရိုင်ရုံးဝန်ထမ်းများ၊ ပင်လောင်းမြို့နယ်နှင့် နောင်တရားမြို့နယ် ဦးစီးမှူးတို့ကို တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ လဲချား ၊ မိုင်းကိုင်၊ ကွန်ဟိန်းမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် ပင်လုံမြို့ရုံး ဒုတိယဦးစီးမှူးတို့နှင့် တွေ့ဆုံသည်။

ယင်းနောက် နမ့်စန်မြို့နယ်ရုံးနှင့် မိုးနဲမြို့နယ်ရုံးတို့သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိုးနဲမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြန်ကြားရေးနှင့် အသိပညာပေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များအား အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## မြေပုံ Software နှင့် GIS အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်

**ကျိုင်းတုံ ဇူလိုင် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)၌ ပြည်နယ်ရုံးခွဲနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများအား မြေပုံ Software နှင့် GIS အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ဆွေးနွေးပြောကြားပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

**ငွေကြယ်**

# ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာစေဖို့ လက်ဆင့်ကမ်း သွန်သင်ဆုံးမပေးကြစို့ ...



**ခင်သန်းမြင့်**

**"လူကြီးတွေရှေ့ကသွားရင် ခေါင်းငုံ့သွား"**
**"ပစ္စည်းပေးရင် လက်နှစ်ဖက်နဲ့ ရိုရိုသေသေ ပေး"**

သမီးဖြစ်သူက မြေးမလေးကို သွန်သင်ဆုံးမနေတဲ့စကားသံတွေကြားရတော့ စိတ်ထဲမှာ ကျေနပ်ပီတိဖြစ်ရတယ်။ မြေးမလေးက ဒီနှစ်မှ KG တန်းကို ကျောင်းစတက်ရတာ။ မြေးငယ်လေးတို့လို နုနယ်တဲ့အရွယ်ဆိုတာ အလွန်ဖြူစင်သန့်ရှင်းတဲ့ပိတ်စနဲ့တူပါတယ်။ ပထမဦးဆုံးတွေ့ထိတဲ့အရောင်ကြောင့် အစွန်းအကွက်စွဲသွားနိုင်တယ်။ အရောင်စွဲထားပြီးပြီဆိုရင် ဖွပ်လို့လျှော်လို့မပျက်ချင်တော့ဘူး။ လွယ်လွယ်နဲ့အခါခါချွတ်မရတိုင်း ရိုက်နှက်ဖွပ်လျှော်ရင်လည်း အထည်သားစုတ်ပြတ်ပျက်စီးတာသာ အဖတ်တင်မယ်။ ဒါ့ကြောင့် ဘာအရောင်မှ မစွန်းထင်းခင်မှာ လူကြီးမိဘတွေက သတိထားပြီး ဆုံးမပဲ့ပြင်ပေးကြရတာဖြစ်ပါတယ်။

**ဆုံးမသွန်သင်ပေးခဲ့**

ကျွန်မတို့ငယ်ငယ်ကလည်း မိဘမောင်ဖား၊ ဒေါ်ကြီး၊ ဒေါ်လေးတို့က ဒီလိုပဲဆုံးမသွန်သင်ပေးခဲ့တာပါပဲ။ အသက်အားဖြင့်၊ ဂုဏ်အားဖြင့်ကြီးတဲ့သူတွေနဲ့ လမ်းမှာတည့်တည့်ဆုံရင် လမ်းရှောင်ပေးဖို့၊ ကား၊ ရထားတွေပေါ်မှာဆုံရင် နေရာဖယ်ပေးဖို့၊ လူကြီးတွေအနီးကဖြတ်သွားရင် ခပ်ယို့ယို့လေး သွားဖို့၊ တစ်စုံတစ်ခုပေးစရာရှိရင် လက်နှစ်ဖက်နဲ့ လေးလေးစားစားပေးဖို့၊ ယူဖို့၊ ရိုရိုသေသေခေါ်ပြော ဆက်ဆံဖို့၊ စားတာသောက်တာ၊ သွားတာလာတာ၊ နေတာထိုင်တာ၊ ပြောတာဆိုတာကအစပေါ့။

ဒီလိုမျိုးဆုံးမသွန်သင်ပေးကြတာကလည်း ကျွန်မတို့မိဘတွေမှမဟုတ်ပါဘူး။ မြန်မာမိသားစုတိုင်းလိုလို ဘိုးစဉ်ဘောင်ဆက် ဒီလိုပဲလက်ဆင့်ကမ်း ဆုံးမသွန်သင်ပေးခဲ့ကြတာပါ။ တစ်နေ့က ဖတ်လိုက်ရတဲ့ ဆရာမကြီးလူထုဒေါ်အမာရဲ့ "ကျွန်မတို့ငယ်ငယ်တုန်းက"စာအုပ်မှာလည်း ရှေးခေတ်လူကြီးသူမတွေရဲ့ပဲ့ပြင်ဆုံးမပေးမှုတွေကို တွေ့မြင်ခဲ့ရတယ်။

ကောက်နုတ်ဖော်ပြရရင် ....

"မန္တလေးရဲ့ဓလေ့က ထီးနဲ့နန်းနဲ့နေခဲ့တဲ့အရပ်မို့ အပြောအဆိုယဉ်ကျေးသိမ်မွေ့ရမယ်၊ ဒါ မန္တလေးရဲ့ဝိသေသလက္ခဏာလို့ လက်ခံတယ်။ မန္တလေးသူ မန္တလေးသားဆိုပြီး စကားပြောမယဉ်ကျေးရင် မိဘများက သည်းမခံနိုင်ဘူး။ သူတို့သားသမီးကို စကားသင်ပေးကတည်းက ယဉ်ကျေးတဲ့အသုံးအနှုန်းကိုသာ သင်ပေးတာ၊ ကြီးလာတော့လည်း ကြီးတဲ့အလျောက် သင်နေတာပဲ။

ကျွန်မတို့ငယ်ငယ်ကများ လူကြီးပြောတဲ့စကားကို ကျွန်မတို့က အင်းလိုက်မိရင် ဒါမှမဟုတ် ခေါင်းညိတ်ပြမိရင် အမေက 'အမယ် လူကြီးပြောတာကို အင်းမလိုက်ပါနဲ့၊ ခေါင်းမညိတ်ပါနဲ့၊ ရှင်းလိုက်တာ၊ ဟုတ်ကဲ့လို့ ပြောပါ'လို့ ချက်ချင်းပြင်ပြီးသင်တာပါ။ သည်းခံပြီးကြည့်နေ နားထောင်နေတာမျိုးမဟုတ်ပါဘူး။ ခုခေတ်မှာ လူငယ်တော်တော်များများက 'ဘုန်းကြီးနဲ့စကားမပြောတတ်ဘူး'ဆိုတဲ့ အသုံးအနှုန်းကို သုံးနေကြပါတယ်။ ရှက်ကိုးရှက်ကန်းနဲ့ပြောတာများ မထင်ပါနဲ့၊ ခပ်ဝင့်ဝင့်လေးပြောချလိုက်တဲ့စကားမျိုးပါ။ ကျွန်မတို့ငယ်ငယ်က ဒီစကားမျိုးပြောရင် ဘယ်မိဘကမှနားထောင်နေမှာမဟုတ်ဘူး။ ဘုန်းကြီးနဲ့လျှောက်တတ်၊ တင်တတ်အောင် တစ်ခါတည်းသင်ပေးလိုက်မယ်။ သီလရှင်နဲ့ စကားပြောတတ်အောင် တစ်ခါတည်းသင်ပေးလိုက်မယ်လေ။ ဂါရဝတရား၊ နိဝါတတရားနဲ့ ဘယ်လိုပြောဆိုရမယ်၊ ကိုယ့်ထက်ငယ်တဲ့လူနဲ့စကားပြောရင် မောက်မာမှုကင်းကင်းနဲ့ ယဉ်ယဉ်ကျေးကျေး လေးလေးစားစား ဘယ်လိုဆက်ဆံရတယ်ဆိုတာကို သင်ပေးပါတယ်။

ပြန်ခါနီးရင် 'ကျွန်မတို့ ဦးတင်ပါသေးရဲ့လို့ ပြောနော်၊ ခွင့်ပြုပါဦး၊ ပြန်ပါဦးမယ်လို့ နှုတ်ဆက်နော်'လို့ အိမ်ကတည်းက သင်လွှတ်လိုက်တာပါ။ သွားတော့မယ်အန်တီဆိုတာမျိုးကို အမေတို့က မကြိုက်ပါဘူး၊ လက်မခံပါဘူး။ ဒီလိုမပြောနဲ့လို့ ချက်ချင်းပြင်ပေးပါတယ်။ ဒါစစ်မဖြစ်ခင် မန္တလေးရဲ့စရိုက်ပါပဲ။

တချို့က မန္တလေးသူတွေ စကားပြောတာ ချွဲတယ်လို့ဝေဖန်ပါတယ်။ ကျွန်မတို့ အသင်အကြားခံခဲ့ရတာက 'နှုတ်ချို သျှိုတစ်ပါးသမီးရဲ့၊ လူဆိုတာ ချိုချိုလိုလို ပြောတတ်မှပေါ့၊ ပြီးတော့ လူ့အောက်ကျို့လို့ လူပိမသေပါဘူး၊ ကိုယ်ကမောက်မာရိုင်းစိုင်းတယ်ဆိုတာ ဘယ်ကောင်းမလဲ ရှက်စရာကြီး၊ မိဘက မဆုံးမဘူးထင်ပါရဲ့လို့ သူတထူး မေးငေါ့တော့မယ်ပေါ့'လို့လည်း ဆုံးမတတ်ပါသေးတယ်။ 'ကိုယ်မိကောင်းဖခင်သားသမီးပဲ၊ ဆုံးမပဲ့ပြင်မှုနဲ့ ကြီးပြင်းလာခဲ့တာပဲဆိုတာ ကိုယ့်စကားနားထောင်တာနဲ့ သူများသိပေစေ။ စကားစကား ပြောဖန်များ စကားထဲကဇာတိပြဆိုတာမျိုး မဖြစ်စေနဲ့၊ သိပ်ရှက်စရာကောင်းတယ်'လို့လည်း ဆုံးမပါတယ်" စသဖြင့် ဆရာမကြီးရဲ့ မြန်မာဆန်တဲ့စာရေးဟန်နဲ့ ရှေးခါ မိဘဘိုးဘွားတွေရဲ့ တန်ဖိုးရှိလာတဲ့ ဆုံးမဩဝါဒအချို့ကို ယခုခေတ် သားသည်မိခင်တွေ အတုယူဖွယ်တွေ့မြင်ရမှာဖြစ်ပါတယ်။

**အသက်ကြီးမှ ပိုသိမြင်လာရ**

ဆရာမကြီး လူထုဒေါ်အမာက "ကျွန်မတို့ကို ဆုံးမပဲ့ပြင်တာ၊ ကျွန်မတို့ကို စကားပြောတာက တော့ အမေပါပဲ။ ဒါကြောင့် အသက်ကြီးလာတဲ့အခါ အမေပြောတဲ့စကားတွေကို ကြားယောင်လို့ချည်း နေပါတယ်"လို့ ဆိုသလိုပါပဲ၊ ကျွန်မတို့လည်း လူကြီးမိဘတွေရဲ့ ဆိုဆုံးမမှုတွေကို အသက်ကြီးမှ ပိုသိမြင်လာရပါတယ်။ ငယ်တုန်းကတော့ ချုပ်ချယ်တယ်၊ မလွတ်လပ်ဘူးလို့ထင်ခဲ့တာပေါ့။ အခုပြန်စဉ်းစားကြည့်တော့ တစ်ချိန်က လူကြီးမိဘတွေရဲ့ဆိုဆုံးမမှုတွေဟာ မြန်မာလူမျိုးတိုင်း သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေပဲလို့ တွေးမြင်လာမိတယ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူနေမှုစနစ်ဆိုတာကလည်း များသောအားဖြင့် မြတ်စွာဘုရား ဟောကြားခဲ့တဲ့ (၃၈)ဖြာ မင်္ဂလာတရားတော်က အခြေခံလာခဲ့တာပါပဲ။

မင်္ဂလသုတ်နဲ့ပတ်သက်ပြီး ဆရာကြီး မင်းယုဝေက ...

"မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူနေမှုစနစ်တွင် မင်္ဂလသုတ်သည် အဓိကအခန်းမှ ပါဝင်သည်။ မြန်မာတို့သည် မွေးဖွားသည်မှစ၍ ကွယ်လွန်သည်အထိ မင်္ဂလသုတ်တရားတော်ကို ဦးထိပ်ပန်ကာ ပြုမူကျင့်ကြံဆက်ဆံနေထိုင်သွားကြပေသည်။ စင်စစ် မင်္ဂလသုတ်သည် ဗုဒ္ဓ၏လူမှုရေးတရားတော်တို့တွင် အရေးပါအရာရောက်ဆုံးဖြစ်ပေသည်။ ယင်းသည် လူကြီး၊ လူရွယ်၊ လူငယ် အရွယ်သုံးပါးနှင့် သက်ဆိုင်သည်။ မည်သည့်ခေတ်၊ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်၊ မည်သည့်လူတန်းစားကိုမဆို အကျိုးကျေးဇူးပြုနိုင်ပေသည်။

ထို့ကြောင့် မင်္ဂလသုတ်ကို မူလပါဠိဘာသာမှ ဟိန္ဒီ၊ သီဟိုဠ်၊ မြန်မာ၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ် စသည့် ကမ္ဘာ့ဘာသာပေါင်းများစွာဖြင့် ပြန်ဆိုကြသည်။ သက်ဆိုင်ရာပညာရှင်အသီးသီးကလည်း အမျိုးမျိုးဖွင့်ဆိုကြသည်" စသဖြင့် သုံးသပ်ရေးသားခဲ့ပါတယ်။

**မင်္ဂလသုတ်စာအုပ်မှာ ဖော်ပြထား**

ဆရာကြီး ဦးသုခက "မင်္ဂလာဝါဒကို ပြောဆိုငြင်းခုံကြတာက လူတွေကစတင်ကြတာဆိုတော့ လူ့ကျင့်ဝတ်များက အဓိကထားပြီး ဟောတော်မူတာသိနိုင်ပါတယ်"လို့ မင်္ဂလသုတ်စာအုပ်မှာ ဖော်ပြထားပါတယ်။

"ဗုဒ္ဓက (၃၈)ပါး မင်္ဂလာတရားကို (၁)ကစပြီး (၃၈)ပါးအထိ တောက်လျှောက် ဆက်တိုက်မဟုတ်ဘဲ သုံးပါးစီ၊ လေးပါးစီ (ဧတံမင်္ဂလမုတ္တမံ) ဟောကြားခဲ့တယ်။ လူငယ်တွေအတွက် ကဏ္ဍတစ်ပိုင်း၊ လူလတ်အတွက် ကဏ္ဍတစ်ပိုင်း၊ လူကြီးအတွက် ကဏ္ဍတစ်ပိုင်း ခွဲခြားဟောကြားတော်မူ(သကဲ့သို့)သော အစီအစဉ်ကို နားလည်ကြည်ညိုစရာကောင်းတယ်"လို့လည်း ဆရာကြီးကဆိုပါတယ်။

"ကလေးသူငယ်အရွယ်မှာ သိသင့်သိထိုက်တဲ့ တရား(၃)ပါးဖြစ်တဲ့ လူမိုက်ကို မပေါင်းရဘူး၊ ပညာရှိတဲ့ လူလိမ္မာနဲ့ပေါင်းရမယ်၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်ဆိုတဲ့ လူ့လောကကြီးအတွက် အခြေခံသုံးပါးကို အရင်ဦးဆုံး ကလေးဦးနှောက်ထဲ ရိုက်သွင်းပေးလိုက်တာဖြစ်တယ်။ လူမိုက်၊ လူလိမ္မာ ခွဲခြားမသိသေးတဲ့ကလေးအရွယ်ဆိုရင် မိဘက ခွဲခြားညွှန်ပြဆိုဆုံးမပေးရတယ်"လို့ ဆရာကြီးက ရှင်းလင်းရေးသားခဲ့ပါတယ်။

ကျွန်မတို့ငယ်ငယ်ကတော့ မိဘတွေက မင်္ဂလသုတ်ကို ပါဠိလိုအလွတ်ကျက်မှတ်ခိုင်းပြီး ညစဉ်ဘုရားဝတ်တက်တိုင်း ရွတ်ဖတ်ပူဇော်ကြရတယ်။ ကျောင်းရောက်ရင်လည်း ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ရဲ့ မင်္ဂလာကဗျာတွေကို ရွတ်ဆိုကြရတဲ့အတွက် (၃၈)ဖြာမင်္ဂလာနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရပါတယ်။ ဒီလိုရင်းနှီးကျွမ်းဝင်လာတဲ့အခါ ကိုယ်ပြုတဲ့အမှုဟာ မင်္ဂလာလား၊ အမင်္ဂလာရယ်လားဆိုတာကို ကွဲကွဲပြားပြားသိလာရတာပေါ့။

မင်္ဂလာဖြစ်ရင် ကိုယ်ပြုတဲ့အမှုဟာ မင်္ဂလာပါလားလို့ ဝမ်းမြောက်ပီတိဖြစ်ရသလို အမင်္ဂလာဆိုလည်း ချက်ချင်းရပ်တန့်ပြီး နောင်မဖြစ်အောင် ရှောင်ကြဉ်နိုင်တာပေါ့။ အဲဒီလို မိဘဘိုးဘွားတွေရဲ့ သွန်သင်ဆုံးမပဲ့ပြင်ပေးခဲ့တဲ့ ကျေးဇူးကြောင့်လည်းကျွန်မတို့က တစ်ဖန် သားသမီးမြေးမြစ်တွေကို ပြန်လည်လက်ဆင့်ကမ်း ပဲ့ပြင်ဆုံးမနိုင်ခဲ့တာပေါ့။

စာမျက်နှာ ၁၁ သို့ *

"ကျွန်မတို့ငယ်ငယ်ကလည်း မိဘမောင်ဖား၊ ဒေါ်ကြီး၊ ဒေါ်လေးတို့က ဒီလိုပဲဆုံးမသွန်သင်ပေးခဲ့တာပါပဲ။ အသက်အားဖြင့်၊ ဂုဏ်အားဖြင့်ကြီးတဲ့သူတွေနဲ့ လမ်းမှာတည့်တည့်ဆုံရင် လမ်းရှောင်ပေးဖို့၊ ကား၊ ရထားတွေပေါ်မှာ ဆုံရင် နေရာဖယ်ပေးဖို့၊ လူကြီးတွေအနီးကဖြတ်သွားရင် ခပ်ယို့ယို့လေး သွားဖို့၊ တစ်စုံတစ်ခုပေးစရာရှိရင် လက်နှစ်ဖက်နဲ့ လေးလေးစားစားပေးဖို့၊ ယူဖို့၊ ရိုရိုသေသေခေါ်ပြော ဆက်ဆံဖို့၊ စားတာသောက်တာ၊ သွားတာလာတာ၊ နေတာထိုင်တာ၊ ပြောတာဆိုတာကအစပေါ့"

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၄) မှ ရန်ကုန်-ပဲခူး (၆) လမ်းသွားလမ်းမကြီးနှင့် ချိတ်ဆက်သည့် ညောင်နှစ်ပင်အဝင်လမ်း ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ သမိုင်းဝင် အဆောက်အအုံဖြစ်သည့် ညောင်နှစ်ပင် အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သမိုင်းဝင်ပြည်ထောင်စုခန်းမကြီး ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝါရင့်ကျွမ်းကျင် အင်ဂျင်နီယာပညာရှင်များ၏ အကြံဉာဏ်များ၊ ပြင်ဆင်ထိန်းသိမ်းရေး နည်းပညာများ၊ အထောက်အထား မှတ်တမ်းမှတ်ရာများကိုရယူပြီး မူလလက်ရာမပျက် ပြင်ဆင်ထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း၊ ယခုလက်ရှိ အဆောက်အအုံ၏ Foundation အား မိမိ Quality Control အဖွဲ့ဖြင့် စစ်ဆေးရန် လိုပါကြောင်း၊ အဆောက်အအုံ အဝင်လမ်း၊ အထွက်လမ်း၊ ပတ်လမ်းများအား စနစ်တကျ ရှိစေရေးအတွက် ဆောင်ရွက်ရန် လိုပါကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုခန်းမကြီး (ပင်မဆောင်)၊ ဆွေးနွေးပွဲ ခန်းမဆောင်များ၊ အနော်ရထာဆောင်၊ ပုဂံဆောင် (A), (B), (M) အဆောင်များ၊ ထမင်းစားဆောင်များ၊ စင်္ကြံလျှောက်လမ်းများ၊ အဆောက်အအုံပတ်ဝန်းကျင် သန့်ရှင်း သပ်ရပ် ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်နှစ်ပင် KMIC စက်မှုဇုန်ရှိ ယာယီအဆောက်အအုံရုံးခန်း၌ ကိုရီးယား KMIC Development Co.,Ltd မှ Managing Director အဖွဲ့ကို တွေ့ဆုံပြီး ကိုရီးယား- မြန်မာ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသော KMIC စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသည့် ရန်ကုန်-သန်လျင်-သီလဝါ အထူးစီးပွားရေးဇုန်တို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည့် ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ယခုတည်ဆောက်နေသည့် တံတားကြီး ပြီးစီးသွားပါက ဒေသ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသက်သာစေပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမည်ဖြစ်ပါကြောင်း၊ ရေလယ်တိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သာကေတဘက်ခြမ်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ P C Box Girder ထုတ်လုပ်နေမှု၊ လုပ်ငန်းခွင်အတွင်း သယ်ယူပို့ဆောင်ပေးနေမှုနှင့် Span by Span Method ဂျပန်နည်းပညာဖြင့် တပ်ဆင်မည့် အခြေအနေတို့ကိုလည်းကောင်း၊ Fly Over Bridge တည်ဆောက်ပြီးစီးမှုကို လည်းကောင်း သန်လျင်ဘက်ခြမ်းသို့သွားရောက်၍ ချဉ်းကပ်တံတား ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေလယ်တိုင် အမှတ်(၆) လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လွှန်းထိုးခြင်း (Launching)နည်းပညာကို အသုံးပြု၍ P C Box Girder များ တပ်ဆင်ရန် ပြင်ဆင်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အမြဲဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယခု တည်ဆောက်နေသည့် ပဲခူးမြစ်ကူး သန်လျင်တံတား အမှတ်(၃) သည် လက်ရှိအသုံးပြုနေသည့် ရန်ကုန်- သန်လျင် အမှတ် (၁) တံတား၏အနီးတွင် တည်ရှိပြီး ပင်မတံတားအရှည် ၁၉၂၈ မီတာ၊ ယာဉ်သွားလမ်း အကျယ် ၂၄ မီတာ၊ ယာဉ်လေးလမ်းသွားနှင့် သာကေတဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၅၄၇ မီတာ၊ သန်လျင်ဘက်ခြမ်း ချဉ်းကပ် တံတားအရှည် ၁၈၈ မီတာရှိပြီး တံတား၏ခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ကိုသစ်မည့် ငြိမ်းချမ်းရေးနှစ်

☆ ငြိမ်းချမ်းရေးနှစ်၊ ဖွင့်လှစ်ခဲ့ချေပြီ
တို့နောင်ညီများ၊ စိတ်ထားကရှင်လို့ကြည်
ပြည့်အတွက်ရည်၊ ဖြစ်တည်ချိန်ကောင်း
တို့မြန်ပြည်မှာ၊ ထွန်းတောက်ခါ
ညီညာရုံးစု ပေါင်းသည်နှင့်လေး။

☆ ငြိမ်းချမ်းရေးနှစ်၊ ထွန်းသစ်တဲ့ကာလမှာ
ချိန်ခါမဆွဲ၊ လက်တွဲလို့ရှေ့ချီကာ
ပြည်ကလိုတာ၊ ငြိမ်းကာအေးကြောင်း
ချစ်တေးတွေကို၊ အတူဆို
နှစ်လိုဖွယ်ရာ ကောင်းသည်နှင့်လေး။

☆ ငြိမ်းချမ်းရေးနှစ်၊ မေတ္တာကအနှစ်ပင်
သစ္စာတူထား၊ တစ်သားတည်းထာဝစဉ်
မြတ်နိုးချစ်ခင်၊ ပြည်ခွင်သာရေး
နောက်ကျမကျန်၊ အားသွန်ရန်
ဖန်ဖန်တွန်းတိုက် ပေးသည်နှင့်လေး။

☆ ငြိမ်းချမ်းရေးနှစ်၊ ကောင်းသစ်လို့ကြိုချင်
အသွင်တွေပြောင်း၊ ခေတ်ဟောင်းမှာမနေချင်
ခေတ်နှင့်တူယှဉ်၊ အလှယဉ်ဆင့်
မင်္ဂလာခါ၊ ထွန်းလင်းသာ
ပြည်မှာရောင်ဝါ တင့်သည်နှင့်လေး။

☆ ငြိမ်းချမ်းရေးနှစ်၊ သည်နှစ်ပေါ့နှစ်မြတ်ခါ
ကျက်သရေတိုး၊ တက်ဖြိုးလို့လက်ဖြာ
တို့မြန်ပြည်သာ၊ ရှိန်ဝါဂုဏ်ကဲ
တိုင်းရင်းဆွေကွယ်၊ အမြင်ကျယ်
လှမ်းမယ်တွဲလက် မြဲသည်နှင့်လေး။

☆ စည်လည်းယွန်းကာ အောင်နိမိတ်သာ ပြည်ပင်အလှ
တိုးခတော့မည်။

☆ ပြည်လည်းလန်းကာ အောင်အတိတ်ဖြာ စည်ပင်
ဝဖြိုးလှတော့သည်။

**ပြေအေးသက်**

* စာမျက်နှာ ၁၀ မှ

### နွေးထွေးမှုအားနည်း

ဒီဘက်ခေတ်တွေမှာတော့ မိဘနဲ့ သားသမီး ဆက်ဆံရေးဟာ ကျွန်မတို့ငယ်စဉ်ကခေတ်လို နွေးထွေးမှုအားနည်းတယ်လို့ ကျွန်မထင်တယ်။ မိဘတွေဘက်ကလည်း စားဝတ်နေရေး၊ စီးပွားရေးဘက်ကို အာရုံစိုက်လုံးပန်းနေကြရတော့ အရင်ခေတ်တွေကလောက် သားသမီးတွေအပေါ် အချိန်သိပ်မပေးနိုင်ကြတော့ဘူး။ အချို့မိသားစုတွေဆို မိဘနဲ့သားသမီး မျက်နှာချင်းဆိုင်စကားစမြည် ပြောဆိုဖို့တောင် အချိန်မရှိသလောက်ပါပဲ။ ကိုယ့်သားသမီးက အခန်းထဲမှာ ဖုန်းတစ်လုံးနဲ့ ဘာလုပ်လို့ ဘာလုပ်နေမှန်း၊ ဘယ်သွားလို့ဘယ်လာနေကြမှန်းတောင် မသိကြရတော့ဘူး။ ဒါကြောင့်လည်း လူငယ်လူရွယ် သားသမီးအချို့ဆို မူးယစ်ဆေးဝါးသုံးစွဲမှုကအစ လမ်းမှားကိုမရောက်သင့်ဘဲ ရောက်သွားခဲ့ကြရတယ်။

သားသမီးတွေဘက်ကလည်း ခေတ်ကာလအရ လွတ်လပ်မှုကို ရှေ့တန်းတင်လာကြတော့ မိဘတွေရဲ့ပွဲပြင်ဆုံးမမှုကို တန်ဖိုးထားလေးစားလိုက်နာကြရမှန်းမသိတတ်ကြတော့ဘူး။ သူတို့ရဲ့လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်တယ်လို့ပဲ ထင်မြင်ယူဆလာကြတယ်။ ဒါကလည်း သဘာဝပါပဲ။ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်ဆိုတာ မိဘရဲ့ ရင်ခွင်အောက်က ထွက်စပြုပြီး ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းတတ်ကြတယ်။ မိဘကို အားကိုးလိုစိတ်လျော့နည်းလာပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကိုးစားမှု ပိုများလာတတ်ကြတယ်။ ကိုယ့်စိတ်နဲ့ကိုယ် လုပ်ကြည့်ချင်လာတတ်ကြတယ်။ အပေါင်းအသင်းကို ပိုပြီးခုံမင်လာကြတယ်။

ဒါကြောင့်မို့ ကျွန်မတို့ခေတ်က မိဘတွေဟာ နောင်ကို လူဆိုး၊ လူမိုက်၊ လူသာမည ဖြစ်လာနိုင်တဲ့ အခြေခံကာလဟာ ဒီအရွယ်ပဲ။ ပညာရှိသူတော်ကောင်း လူမွန်လူချွန်ဖြစ်လာနိုင်တာလည်း ဒီအရွယ် ဒီကာလပဲလို့သတ်မှတ်ပြီး ဂရုတစိုက်နဲ့ မိဘတွေက ပွဲပြင်ဆုံးမ သွန်သင်ပြသပေးခဲ့ကြတာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း မိဘတွေကို လက်ဦးဆရာတွေလို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ရာကနေ 'လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ'လို့ ရေးကဆိုခဲ့ကြခြင်းဖြစ်ပါတယ်။ နိုင်ငံတကာက ပညာရှင်တွေကလည်း 'မိခင်ကောင်းတစ်ယောက်၏ စွမ်းရည်သည် ဆရာပေါင်းမြောက်မြားစွာ၏ စွမ်းရည်နှင့်ညီမျှ၏'တို့၊ 'ကြီးကျယ်မြင့်မြတ်သော အမွေကို သူတို့၏မိခင်များထံမှရရှိခဲ့ကြသည်'တို့၊ 'လူ့လောက၏အနာဂတ်သည် မိခင်တို့၏လက်တွင်း၌သာ တည်ရှိသည်'တို့ စတဲ့ အဆိုအမိန့်ပေါင်းများစွာနဲ့ မိဘတွေရဲ့ အခန်းကဏ္ဍကို ပုံဖော်ဖော်ကျူးခဲ့ကြတာပါ။

### ကြက်ကောင်း ကြိုးမကွာ ပွဲပြင်ဆုံးမ

ဒီဘက်ခေတ် မိဘ ဘိုးဘွား ဆရာသမားတွေ အနေနဲ့လည်း ကိုယ့်သားသမီး မြေးမြစ်တွေရဲ့ဘဝ တင့်တောင့်တင့်တယ် သာယာလှပစေဖို့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေကို သားစဉ်မြေးဆက် မွေခံထိုက်စေ တည်တံ့စေဖို့ ကျွန်မတို့ ဘိုးဘွားမိဘတွေခေတ်ကလို သားသမီးတွေကို ကြက်ကောင်း ကြိုးမကွာ ပွဲပြင်ဆုံးမပေးကြရဦးမှာ ဖြစ်ပါတယ်။

သားသမီးတွေဘက်ကလည်း "ယနေ့ ဘုရားရှင်နှင့်တကွ ဥပဇ္ဈာယ်ဆရာတို့ထံမှ ဤသဲလုံးနှင့် အမျှသော ဆုံးမစကားများ ကြားနာရပါလို၏"ဆိုပြီး နံနက်စောစောမှာ သဲများကို လက်ခုပ်နဲ့ကျုံးယူ မြွက်ဆိုလေ့ရှိသူ၊ ဆရာသမားတို့ရဲ့အဆုံးအမကို ချက်ချင်းလက်ငင်း လိုက်နာကျင့်သုံးခဲ့တဲ့အတွက် အကျင့်သိက္ခာ ချစ်မြတ်နိုးသောအရာမှာ ဧတဒဂ်ဂုဏ်ထူးရသူ အရှင်ရာဟုလာထုံး နှလုံးမူပြီး မိဘ ဘိုးဘွား ဆရာသမားတို့ရဲ့ ပွဲပြင်ဆုံးမသွန်သင်ပြသမှုကို တန်ဖိုးထားလေးစားလိုက်နာကြဖို့လိုပါတယ်။

ပေးဝေသူနဲ့ လက်ခံသူ၊ လက်ဆင့်ကမ်းသူတွေနဲ့ ကမ်းလင့်သူတွေရှိနေသရွေ့၊ တာဝန်ကိုယ်စီ ကျေပွန်နေသရွေ့ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာတွေဟာ မြန်မာ့မြေက ပျောက်ကွယ်သွားမှာမဟုတ်သလို ငြိမ်းချမ်းသာယာတဲ့ မြန်မာ့လူ့ဘောင်ကိုလည်း စဉ်ဆက်မပြတ် တည်ဆောက်နိုင်လိမ့်မယ်လို့ ကျွန်မကတော့ ဒီလိုပဲ ယုံကြည်နေမိပါတယ်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၇၇၅ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၈ | ၂၀၃၁ |
| 95 Ron | ၂၀၆၇ | ၂၁၄၂ |
| HSD (500 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (50 ppm) | ၂၃၄၉ | ၂၄၂၆ |
| HSD (10 ppm) | ၂၃၄၉ | ၂၄၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## သာယာဝတီမြို့နယ်၌ စိမ်းလန်းစိုပြည်သာယာလှပရေး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သာယာဝတီ ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မြို့စိမ်းလန်းစိုပြည်သာယာရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက လှည်းလမ်းကူးကျေးရွာ တပ်ဦးသရက်တစ်ပင်ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ထို့နောက် သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဒေသအပူချိန်လျှော့ချနိုင်စေရန်အတွက်စိုက်ပင်အမြင့် နှစ်ပေနှင့်အထက် ကျွန်းပင် ၁၃၀၊ ပျဉ်းကတိုး ၁၀၀၊ မန်ကျည်းရှား ၂၀၀၊ ခရေ ၂၀ စုစုပေါင်း အပင် ၄၅၀ အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးကြသည်။

ယင်းနောက် သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိပြီး စိုက်ပျိုးလိုသည့် ပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာများသို့ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

## ညောင်လေးပင်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ရုံးဖွင့်ပွဲ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညောင်လေးပင်ခရိုင်ရုံးဖွင့်ပွဲကို ဇူလိုင် ၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရုံးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်၊ ကျောက်ကြီးမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက မိတ်ဆက်အမှာစကား ပြောကြားသည်။




နေလင်း(ညောင်လေးပင်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဇလ

## တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဇူလိုင် ၃

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင် သည်။

မိုး/ဇလ

# လောင်စာဆီတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၅၈၇ သန်း ပေးချေရန် သီရိလင်္ကာနိုင်ငံ လိုအပ်လျက်ရှိ



ကိုလံဘို ဇူလိုင် ၃

သီရိလင်္ကာနိုင်ငံသည်ဩဂုတ်လလယ်ပိုင်းအထိ အသုံးပြုနိုင်ရန် စီစဉ်ထားသည့် လောင်စာဆီ တင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၅၈၇ သန်း ပေးချေရန်လိုအပ်လျက်ရှိကြောင်း သီရိလင်္ကာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ကန်ချာနာဝီဂျီဆီကီရာက ယနေ့တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် လောင်စာဆီအမျိုးမျိုး တင်သွင်းမှုအတွက် ဇူလိုင် ၄ ရက်မှစတင်ကာ နိုင်ငံခြားလောင်စာဆီကုမ္ပဏီအများအပြားသို့ အမေရိကန်ဒေါ်လာ ၅၈၇ သန်း ပေးချေရမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

နိုင်ငံပိုင် စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရေး ကုမ္ပဏီ Ceylon Petroleum Corporation သည် ယနေ့မွန်းလွဲပိုင်းတွင် ဒီဇယ်ဆီ ၁၂၇၇၄ မက်ထရစ်တန်၊ 92 ခံတ်ဆီ ၁၄၁၄ မက်ထရစ်တန်၊ 95 ခံတ်ဆီ ၂၆၄၇ မက်ထရစ်တန်၊ စူပါဒီဇယ်ဆီ ၂၃၃ မက်ထရစ်တန်၊ ဂျက်လေယာဉ်ဆီ ၅၀၀ မက်ထရစ်တန် စသည်ဖြင့် လောင်စာဆီအမျိုးမျိုးကို ကျန်ရှိနေသေးကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် လက်ရှိတွင် လောင်စာဆီပြတ်တောက်မှုနှင့် ရင်ဆိုင်နေရပြီး လောင်စာဆီ ဈေးနှုန်းသည်လည်း ယခုနှစ်တွင် လေးဆအထိ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၁၀၃ ဦး ထပ်မံတွေ့ရှိ



နယူးဒေလီ ဇူလိုင် ၃

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၁၀၃ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၅၀၂၄၂၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်းက ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရခြင်းရှိ၊ မရှိ လူပေါင်း ၃၇၆၇၂၀ အား စမ်းသပ်စစ်ဆေးခဲ့ရာ ၁၆၁၀၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၅၁၉၉ ဦးရှိလာကြောင်းနှင့် လက်ရှိအချိန်တွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည်လည်း မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၁၁၇၁၁ ဦး ရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၉၂၉ ဦး ထပ်တိုးလာခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၈၆၅၁၉ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၈ ဒသမ ၃၈ သန်းကျော်ရှိလာ

ဆိုးလ် ဇူလိုင် ၃

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၅၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၈၃၈၉၆၁၁ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၉၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ရှစ်ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၄၅၇၀ ရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူပေါင်း သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ကိုလံဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ နှစ်ဦး ထပ်မံတွေ့ရှိ

ဘိုဂိုတာ ဇူလိုင် ၃

ကိုလံဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ နှစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ငါးဦးရှိလာကြောင်း ဒေသန္တရကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

အဆိုပါရောဂါကူးစက်ခံရသူနှစ်ဦးအနက် တစ်ဦးသည် ဥရောပမှ မကြာသေးမီက ပြန်လည်ရောက်ရှိလာကြောင်း ဘိုဂိုတာပြည်နယ် ကျန်းမာရေးဝန်ကြီး အလီဂန်ဒရို ဂိုမက်က ဆိုသည်။ ထို့ပြင် ၎င်းတို့နှစ်ဦးအား ခွဲခြားစောင့်ကြည့်လျက်ရှိပြီး လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများပေးလျက်ရှိကြောင်း ဝန်ကြီးဂိုမက်က ပြောသည်။

ဘိုဂိုတာမြို့၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ငါးဦး ရှိပြီဖြစ်ကြောင်းနှင့် ယင်းတို့အနက် လေးဦးမှာ စိုးရိမ်ဖွယ်မရှိကြောင်းနှင့် ကူးစက်ရောဂါဆိုင်ရာ စောင့်ကြည့်လေ့လာမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးဂိုမက်က ဆိုသည်။

နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ပထမဆုံးကူးစက်ခံရသူ သုံးဦးအား ဇွန် ၂၃ ရက်တွင် စတင်တွေ့ရှိခဲ့သည်။ ၎င်းတို့သည် ဥရောပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ကြီးဌာနက ပြောသည်။

မျောက်ကျောက်ရောဂါကူးစက်မှုအပေါ် စိုးရိမ်မှုများမဖြစ်ကြရန်နှင့် ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံမိပါက သို့မဟုတ် ရောဂါလက္ခဏာများခံစားရပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများသို့ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း ကျန်းမာရေးနှင့်လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ကြီးဌာနက ပြည်သူများအား တိုက်တွန်းပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၂၇ ဦး ထပ်မံတွေ့ရှိ



ကွာလာလမ်ပူ ဇူလိုင် ၃

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၂၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၇၁၃၅၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် လေးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၅၂၃ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ထပ်မံသေဆုံးသူမရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၇၇၁ ဦးရှိကြောင်း သိရသည်။

သို့သော် လူနာ ၂၃၅၉ ဦးရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၀၅၁၉၉ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၀၃၈၅ ဦးရှိပြီး ၎င်းတို့အနက် ၄၃ ဦး သည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၂ဦးသည်အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအပြည့်အဝထိုးနှံမှု ခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၃**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ –

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၇ လမ်းနှင့် ၃၈ လမ်းကြားနေ ငြိမ်းချမ်းသည် ၎င်းအသုံးပြုသည့် "Nyein Chan" Facebook အကောင့်၊ ကျောက်ပန်းတောင်းမြို့နယ် ညောင်ပင်သာကျေးရွာနေ အေးသိန်း(ဇ၈)နှစ်သည် ၎င်းအသုံးပြုသည့် "နွေဦးရောင်ခြည်" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်နှင့် မော်တော်ဆိုင်ကယ် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့စဉ် ဇူလိုင် ၂ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်၌ အကောက်ခွန်မဲ့ ထမင်းပေါင်းအိုး ၄၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၇၅၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်မဲ့ အိမ်တွင်းစီးဖိနပ်များ အရန် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၇၅၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ဇူလိုင် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ KENBO 125 အမျိုးအစား ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ ကျောက်မဆင် ကြိုးဝိုင်းအတွင်း တရားမဝင် ဒီးဒူးခွဲသား ၁ ဒသမ ၃၆၃၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၉၅၄၃၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ လေးမှု (ခန့်မှန်းတန်ဖိုးငွေ ၅၃၇၂၉၃၈ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်း ဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများအဖြစ် နိုင်ငံတကာဈေးကွက်ရရှိခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများ စားသုံးရခြင်းမှရရှိလာမည့် အကျိုးကျေးဇူးများအား မွေးမြူရေးလုပ်ငန်းရှင်များ သိရှိနားလည်စေရန်နှင့် အရည်အသွေးကောင်းမွန်သော ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူနိုင်ရန်ရည်ရွယ်၍ ငါးလုပ်ငန်းသင်တန်းကျောင်း (စစ်ကိုင်းမြို့)တွင် ဇွန် ၂၉ ရက်က ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းအမှတ်စဉ် (၃/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရဲထွန်းနိုင်၊ ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်သင်းသင်းဦး၊ သင်တန်းကျောင်းအုပ် ဒေါ်ဥမ္မာအောင်နှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြသည်။

သင်တန်းတွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့် မွေးမြူရာတွင် လိုက်နာရမည့် မူဝါဒ(၄)ချက်ဖြစ်သော အစားအစာဘေးဥပဒ်ကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ ငါးကျန်းမာရေးနှင့် ကောင်းမွန်စွာနေထိုင်ရှင်သန်ရေး၊ လူမှုရေးဆိုင်ရာ တာဝန်သိစိတ်များ စသည့် အခြေခံမူများနှင့်ပတ်သက်ပြီး သင်တန်းကာလ သုံးရက်တာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥက္ကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃

ဥက္ကရစ်ထစခန်းအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က အင်အားအလုံးအရင်းအသုံးပြု၍ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း အဆိုပါစခန်းမှ တပ်မတော်သားများအနေဖြင့် မြေပြင်ပစ်ကူနှင့် လေကြောင်းပစ်ကူများရယူ၍ ရှုပ်ရှုပ်ချုံချုံမဆုတ်မနစ်ကြံ့ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် အသက်ကိုပဓာနမထားဘဲ ခုခံတိုက်ခိုက်ခဲ့မှု၊ စစ်ကူစစ်ကြောင်းများ အနေဖြင့်လည်း ရာသီဥတုနှင့် အခြားသောမြေအနေအထားကန့်သတ်ချက်များကြားမှ ဥက္ကရစ်ထစခန်းရှိတပ်မတော်သားများနှင့် တပ်ချင်းချိတ်ဆက်ပူးပေါင်းကာ ဥက္ကရစ်ထစခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုကို ဇူလိုင် ၂ ရက်တွင် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

## ထပ်မံဖော်ပြ

ထိုသို့ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် အချိန်အခက်အခဲကြောင့် မှတ်တမ်းဓာတ်ပုံများ၊ အထောက်အထားများ ပြည့်စုံစွာ ဖော်ပြနိုင်ခြင်းမရှိခဲ့သဖြင့် အဆိုပါ စစ်ကူ၊ စစ်ကြောင်းများနှင့် ဥက္ကရစ်ထစခန်းမှ တပ်မတော်သားများ တပ်ချင်းချိတ်ဆက်ပူးပေါင်းနိုင်မှု မှတ်တမ်းဓာတ်ပုံများကို ထပ်မံဖော်ပြပါသည်။

ထို့ပြင် ဥက္ကရစ်ထစခန်းအနီးပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့အနေဖြင့် ဥက္ကရစ်ထစခန်းကို လာရောက်တိုက်ခိုက်ခဲ့စဉ် စေတီပုထိုးများ၊ ဘာသာရေးအဆောက်အဦများနှင့် လူနေအဆောက်အဦများကို အကာအကွယ်ယူ၍ တိုက်ခိုက်ခဲ့သည့် နေရာများကိုလည်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဥက္ကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





အကြမ်းဖက်သောင်းကျန်းသူများက စေတီပုထိုးနှင့် ဘာသာရေးအဆောက်အဦများကို အကာအကွယ်ပြု၍တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက စေတီပုထိုးနှင့် ဘာသာရေးအဆောက်အဦများကို အကာအကွယ်ပြု၍တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာ မှတ်တမ်းဓာတ်ပုံ။



ဥက္ကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းရှေ့၌ ရှုပ်ရှုပ်ချုံချုံ ခုခံကာကွယ်ခဲ့သည့် ခြေကုပ်စခန်းမှ တပ်မတော်သားများနှင့် စစ်ကူစစ်ကြောင်းတို့ တပ်ချင်းချိတ်ဆက်ပြီး မှတ်တမ်းဓာတ်ပုံ။





ဥက္ကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းရှေ့၌ ရှုပ်ရှုပ်ချုံချုံ ခုခံကာကွယ်ခဲ့သည့် ခြေကုပ်စခန်းမှ တပ်မတော်သားများနှင့် စစ်ကူစစ်ကြောင်းတို့ တပ်ချင်းချိတ်ဆက်သတင်းပို့မှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း လူနေအဆောက်အဦများကို အကာအကွယ်ပြု၍ တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာ မှတ်တမ်းဓာတ်ပုံ။





# လာရောက်လေ့လာစေချင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တစ်ခွင်

**သီသီသောင်း**

မြန်မာနိုင်ငံ၌ အမျိုးသားပြတိုက်၊ ရှေးဟောင်းသုတေသန ပြတိုက်၊ တိုင်းရင်းသားယဉ်ကျေးမှု ပြတိုက်၊ ကျောက်မျက်ပြတိုက်၊ မီးသတ်ပြတိုက်၊ ဘုရားပြတိုက် စသည်ဖြင့်ပြတိုက်အမျိုးအစားများစွာရှိသည့်အနက်မှ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် အထိမ်းအမှတ်ပြတိုက် (Memorial Museum) အမျိုးအစားတွင် ပါဝင်ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်းပြတိုက်**

အထိမ်းအမှတ် ပြတိုက်ဟူသည် သမိုင်းကြောင်းတွင် ထူးခြားထင်ရှားသည့် လူပုဂ္ဂိုလ်၊ သမိုင်းဝင်ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်၊ နေရာ၊ အဆောက်အအုံကို အများပြည်သူတို့ အမြဲအမှတ်ရနိုင်စေရန်၊ ပြည်သူလူထုအား အသိပညာပေးနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည်ကား မြန်မာနိုင်ငံ၏လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့အထိ နေထိုင်ခဲ့သည့်နေအိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသဖွင့်လှစ်ထားခြင်းပင် ဖြစ်ပါသည်။

အားလပ်ရက် နေ့တစ်နေ့တွင် ကျွန်မတို့မိသားစုသည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို သွားရောက်လေ့လာဖြစ်ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် အမှတ်(၂၅) ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင် တာဝါလိန်းလမ်း) ဗိုလ်ချို(၁)ရပ်ကွက် ဗဟန်းမြို့နယ်တွင် တည်ရှိပါသည်။ ယခင်က တာဝါလိန်းလမ်း (Tower Lane)ဟု အမည်ခေါ်တွင်ရခြင်းမှာ တောင်ကုန်းမြင့်ပေါ်တွင် မြင့်မြင့်မားမား တည်ရှိနေသည့် ဗိုလ်ချုပ်အိမ်၏ ထိပ်ပိုင်းမျှော်စင်(Tower)ပုံစံကို အစွဲပြု၍ ခေါ်တွင်ခြင်းဖြစ်ပါသည်။ ခြံဝင်းအကျယ်မှာ ၂ ဒသမ ၄၂၃ ဧက အကျယ်အဝန်းရှိ၍ ဘဲဥပုံသဏ္ဌာန် (Oval shape) ဖြစ်ပြီး ဗိုလ်ချုပ်၏ နေအိမ်အဆောက်အအုံကို ၁၈ ပေမြင့်သည့် တောင်ကုန်းပေါ်တွင် တောင်ဘက်သို့ မျက်နှာစာပြုကာ တည်ဆောက်ထားပါသည်။ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ထားသည့် အနောက်တိုင်းဗိသုကာပုံစံ (Victorian Architectural Design)ပုံစံ လှပသည့်အိမ်လေးပင်ဖြစ်ပါသည်။



**ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို မလေ့လာမီ ဗဟုသုတရစေရန်အလို့ငှာ ပြတိုက်၏နောက်ခံသမိုင်းအား အကျဉ်းချုံ့ဖော်ပြရသော် –**

ဗိုလ်ချုပ်အောင်ဆန်းသည် ဤအိမ်၌ မိသားစုနှင့်အတူ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ ငှားရမ်းနေထိုင်ခဲ့ပြီး ဗိုလ်ချုပ်ကျဆုံးပြီးနောက်ပိုင်း ၁၉၄၈ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်ရန်ပုံငွေဖြင့် အမှုဆောင်အဖွဲ့သည် ပိုင်ရှင်ထံမှ ငွေကျပ်သုံးသောင်းပေးချေ၍ စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူကာ ကျန်ရစ်သူမိသားစုများ ဆက်လက်နေထိုင်ခဲ့ကြပါသည်။

ဗိုလ်ချုပ်ကွယ်လွန်ပြီး ကျန်ရစ်သူမိသားစု ဆက်လက်နေထိုင်ခဲ့ရာမှ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ အသက် ၈ နှစ်အရွယ် ဒုတိယသား အောင်ဆန်းလင်းသည် နေအိမ်ခြံဝင်း၏ အရှေ့တောင်ဘက်ရှိ ရေကန်တွင် ရေနစ်သေဆုံးသွားခဲ့ပါသည်။ ထို့နောက်ပိုင်း ဗိုလ်ချုပ်မိသားစုများသည် အမှတ်(၅၄) တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကာ ဤအိမ်ကြီး၌ မည်သူမျှ ဆက်လက်နေထိုင်ခြင်းမရှိတော့ပါ။

**အထိမ်းအမှတ်ပြတိုက်**

ထို့ကြောင့် ဗိုလ်ချုပ်နေထိုင်ခဲ့သည့် နေအိမ်ကို အထိမ်းအမှတ်ပြတိုက်အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် ၁၉၅၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ယဉ်ကျေးမှုဗိမာန်ညွှန်ကြားရေးဝန် ဦးသာမြတ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးအရာရှိ Dr. Nibarran Rays၊ အမျိုးသားပြတိုက် ပြတိုက်မှူးကြီး ဒေါ်ညွန့်ဟန်နှင့် အဖွဲ့ဝင်များက လာရောက်လေ့လာမှုများ ပြုလုပ်ခဲ့ကြပြီး အများပြည်သူ ကြည့်ရှုနိုင်ရေးအတွက် အထိမ်းအမှတ်ပြတိုက်အဖြစ် ဖွင့်လှစ်နိုင်ရန် ကြိုးစားစီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၇ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံမှ အထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်ပြသနိုင်ရန်အတွက် ပရိဘောဂပစ္စည်း ၅၃ မျိုး၊ အသုံးအဆောင်ပစ္စည်း ၉၁ မျိုးကို ပြတိုက်ပစ္စည်းများအဖြစ် ဝယ်ယူစုဆောင်းရရှိခဲ့ပါသည်။ ၎င်းတို့ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် ကားနံပါတ် RC 2874 Wolseley အမျိုးအစားကားကို တန်ဖိုး ၁၀၀၀၀ ကျပ်၊ ဗိုလ်ချုပ်အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် Phillip Radio ကို တန်ဖိုး ၇၀၀ ကျပ် အပါအဝင် ဝယ်ယူစုဆောင်းရရှိသောပစ္စည်းများ၏တန်ဖိုးမှာ ၂၂၈၂၂ ကျပ်ဖြစ်ပါသည်။ ၎င်းပြသပစ္စည်းများကို ဗိုလ်ချုပ်ကတော်ကိုယ်တိုင် လာရောက်ပြီး မိသားစုနှင့်အတူ နေထိုင်ခဲ့စဉ်က အတိုင်း ပုံစံမပျက် နေရာချထားခင်းကျင်းပေးခဲ့ကြောင်း သိရှိရပါသည်။

**လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်**

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို စတင်လေ့လာရသော် ဝင်ဝင်ချင်းပြတိုက်အဝ၌ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဆိုင်းဘုတ်ကို တွေ့မြင်ရပါသည်။ ပြတိုက်အဝင်ဘယ်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် ကားနံပါတ်(RC–2874) Wolseley အမျိုးအစားကားကို ကားရုံအတွင်း မှန်များကာရံကာ ပြသထားပါသည်။ ပြသထားသည့် ကားရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၆ ရက် ဘုရင်ခံကောင်စီမှ ဒုတိယသဘာပတိ ရာထူးလက်ခံပြီးနောက် ရရှိခဲ့သည်ဟု ဖော်ပြထားပါသည်။ ဂျစ်ကားနံပါတ် (၆၆) အစား ၁၉၄၇ ခုနှစ် ဇန်နဝါရီလ လကုန်ပိုင်းတွင် လက်ခံခဲ့ပြီး ဗိုလ်ချုပ်မကျဆုံးမီ ၁၉ ဇူလိုင် ၁၉၄၇ ခုနှစ်အထိ အသုံးပြုခဲ့သည်ဟု မှတ်သားရပါသည်။ ဗိုလ်ချုပ်စီးခဲ့သောကားကို လေ့လာပြီးနောက် ကျွန်မသည် ဗိုလ်ချုပ်မကျဆုံးမီ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလက ထိုကားကို အသုံးပြုပြီး အစည်းအဝေးများတက်ရောက်နေမည့်ပုံများကို တွေးဆမြင်ယောင်မိပါသည်။

ကားရုံအတွင်းမှ ထွက်လာလျှင် ကုန်းမြင့်မြင့်ပေါ်တွင် တည်ဆောက်ထားသည့် ဗိုလ်ချုပ်အိမ်သို့ တက်ရောက်ရာ ကွန်ကရစ်လမ်းတစ်လျှောက် ဘေးဘက်ရှိ မြေထိန်းနံရံ၊ အပင်မြင့်ကြီးများကို ငေးမောရင်း တဖြည်းဖြည်းတက်လာရာ အိမ်အပေါ်ထပ် တာဝါပုံစံခေါင်မိုးချွန်လေးနှင့် လမ်းတစ်လျှောက် ခြံဝင်းအတွင်း မြေယာအလှရှုခင်း၊ ရွှေကြက်ယက်ဘုရားရှုခင်းများနှင့် မိသားစုအမှတ်တရဓာတ်ပုံရိုက်ရင်း ဗိုလ်ချုပ်အိမ်သို့ တက်လှမ်းသောလှေကားထစ်သို့ ရောက်ရှိလာပါသည်။

**ရှင်းလင်းချက် စာသားဆိုင်းဘုတ်**

ထို့နောက် ဗိုလ်ချုပ်အိမ်ပေါ်သို့ လှေကားထစ်များမှ တဖြည်းဖြည်းတက်ရောက်လာရာ လှေကားထိပ် အိမ်အဝတွင် ဗိုလ်ချုပ်နေထိုင်သည့် အိမ်အကြောင်း ရှင်းလင်းချက် စာသားဆိုင်းဘုတ်ကို တွေ့မြင်ရပါသည်။ ဗိုလ်ချုပ်ပြတိုက်သည် နှစ်ထပ်အဆောက်အအုံဖြစ်သည်နှင့်အညီ အပေါ်ထပ်ပန္နက်ပုံ၊ အောက်ထပ် ပန္နက်ပုံများကို ချိတ်ဆွဲပြသထားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်မှုအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာကြသည့် ဧည့်သည်တော်များ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် Social Distancing သတ်မှတ်ထားသည့် ခြေလှမ်းပုံစတစ်ကာများအတိုင်း ဝင်ရောက်လေ့လာနိုင်ရန် ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ စီမံလုပ်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။

အုတ်လှေကားထိပ်တွင် လက်မှတ်ရောင်းကောင်တာထားရှိပြီး နိုင်ငံခြားသားတစ်ဦးလျှင်ငွေကျပ် ၅၀၀၀၊ ပြည်တွင်းအခမဲ့ဟု သိရှိရပါသည်။ ပြတိုက်ဖွင့်ရက်မှာ အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ လေးနာရီအထိ ဖွင့်လှစ်ပြသပြီး တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပြတိုက်ပိတ်ပါသည်။

စင်္ကြံ၏ညာဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်သွားခဲ့သော အိမ်ရှင်းလင်းချက်ဆိုင်းဘုတ်ကို တွေ့ရသောအခါ "ဩော် ဗိုလ်ချုပ်ဒီအိမ်မှာ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ မကျဆုံးခင်အထိ နေထိုင်သွားတဲ့ အိမ်လေး"ဟု သားနှင့်သမီးကို ရှင်းပြခဲ့ပါသည်။ သမီးက "မေမေ ဒီအိမ်မှာ ဗိုလ်ချုပ်က အကြာကြီးမနေလိုက်ရဘူးနော်"တဲ့၊ "ဟုတ်တယ်သမီး ဒီအိမ်မှာ ဗိုလ်ချုပ် နှစ်နှစ်ကျော်လောက်ပဲ နေလိုက်ရတာ" ဟု စိတ်မကောင်းစွာပြောမိပါသည်။

စာမျက်နှာ ၁၇ သို့ ❐




**"သမိုင်းကြောင်းဆိုင်ရာ စာအုပ်များနှင့် အခြားဘာသာရပ်အလိုက် စာအုပ်များကိုလည်း တွေ့ရှိရပါသည်။ ဗိုလ်ချုပ်၏စာဖတ်ခန်းကို လေ့လာကြည့်ရင်း အတွေးထဲဝယ် "ဗိုလ်ချုပ်ကျဆုံးခဲ့ချိန်မှာ အသက်က ၃၂ နှစ်၊ ဒီအရွယ်မှာ ဗိုလ်ချုပ်ဖတ်ခဲ့တဲ့ စာအုပ်တွေက ဒီလောက်များနေတယ်၊ အဲဒီထဲမှာမှ အင်္ဂလိပ်စာအုပ်က အများစုဆိုတော့ ဗိုလ်ချုပ်ရဲ့စာဖတ်အားကို အားကျအတုယူဖွယ်ပါလားလို့ ယနေ့ခေတ်လူငယ်များကို သိရှိစေချင်လိုက်တာ"ဟူ၍ တွေးတောမိပါသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုသည့်အတိုင်း အနာဂတ်လူငယ်များ တကယ်လိုက်နာကျင့်ကြံရမည့်အချက်များကို ဗိုလ်ချုပ်၏စာဖတ်ခန်းမှ မီးမောင်းထိုးပြနေ"**

❒ စာမျက်နှာ ၁၆ မှ

အချို့စာအုပ်များတွင် ဗိုလ်ချုပ်အောင်ဆန်း မိသားစုများသည် ဤအိမ်ကြီး၌ ၁၉၄၅ ခုနှစ် မေ ၁၇ ရက်မှ စတင်နေထိုင်ခဲ့ကြသည်ဟု သိရှိရပါသည်။ မြန်မာ့ရက်စဉ် သမိုင်းစာအုပ်ထဲတွင် ဖော်ပြထားသည်မှာ ၁၉၄၅ ခုနှစ် မတ် ၁ ရက်မှ ၃ ရက်အထိ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့အဖွဲ့ချုပ်ခေါင်းဆောင် အစည်းအဝေးကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးများ၊ နိုင်ငံရေး အထူးအစည်းအဝေးပွဲများ၊ သတင်းစာဆရာများနှင့် ဖိတ်ခေါ်ဆွေးနွေးမှု အစည်းအဝေးများ၊ ယင်းအချိန်က မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် လာရောက်တွေ့ဆုံဆွေးနွေးမှုများကို ဤအိမ်ကြီး၌ပင် ၁၉၄၅ ခုနှစ် မတ်လမှစတင်၍ ပြုလုပ်ခဲ့ကြသည်ကို သိရှိရပါသည်။

**ဗိုလ်ချုပ်လက်ရေးမှု**

ပြတိုက်ထဲသို့ ဝင်ရောက်လေ့လာသောအခါ ထမင်းစားခန်းသို့ ရောက်ရှိပါသည်။ ထမင်းစားခန်း၏ အရှေ့ဘက်နံရံဘေးတွင် ကျွန်းဗီရိုတစ်လုံးပြသထားပြီး ၎င်းအပေါ်တွင် ကြည့်မှန်တစ်ချပ်တွေ့ရှိရပါသည်။ ထမင်းစားခန်းအလယ်တွင် ဘုံဘေဘားမား ကုမ္ပဏီတံဆိပ်ပါ ကျွန်းထမင်းစားပွဲခုံအရှည် တစ်လုံးနှင့် ကုလားထိုင် ၁၀ လုံးအား ခင်းကျင်းပြသထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သားအကြီး အောင်ဆန်းဦး၊ သားလတ် အောင်ဆန်းလင်းတို့ သုံးဦး၏ ထိုင်ခုံသုံးလုံးသည် စားပွဲထိပ်ပိုင်းတွင်ရှိပြီး စားပွဲ၏ အခြားထိပ်တစ်ဖက်တွင် ဒေါ်ခင်ကြည်နှင့် သမီးဖြစ်သူတို့၏ ထိုင်ခုံများ ခင်းကျင်းထားပါသည်။ ထိုကျွန်းစားပွဲပေါ်တွင် ပဲပြုတ်၊နံပြားပုံစံတူနှင့် "ကြည်ပဲပြုတ်နဲ့နံပြားရရင် စားချင်တယ်"ဟု ရေးထားသည့် ဗိုလ်ချုပ်လက်ရေးမူကို သရုပ်ဖော်ခင်းကျင်းပြသထားပါသည်။

စာရေးသူ ဗိုလ်ချုပ်ပြတိုက်တွင် ပြတိုက်မှူးတာဝန်ကျစဉ်က ပြသပစ္စည်းများ တစ်ခုချင်း စနစ်တကျမှတ်တမ်းပြုစု၍ တိုက်ပိုင်စာရင်းသွင်းခြင်း၊ သုတေသနပြုစုခြင်းများ ပြုလုပ်ခဲ့ရာ ၎င်းပန်းကန်ဗီရိုအတွင်းတွင် ငွေခက်ရင်း၊ ငွေဇွန်းများနှင့် ပန်းကန်ခွက်ယောက်များထားရှိပြီး အချို့ပန်းကန်များမှာ Made in England (Griadley) တံဆိပ်နှင့် (Rozar) တံဆိပ်များကို တွေ့ရှိရပါသည်။ ထို့အပြင် ဗိုလ်ချုပ်ကတော်က ပန်းကန်ပြားတစ်ချပ်နှင့် တစ်ချပ်ကြားတွင် ၁၉၅၆-၁၉၅၇ ခုနှစ်က ထုတ်ဝေခဲ့သည့် သတင်းစာများဖြင့် စနစ်တကျထားရှိသည်ကိုတွေ့ရှိရပါသည်။ သတင်းစာများတွင် ထိုခေတ်၏သတင်းများ၊ ကာတွန်းများကို ဖတ်ရှုရခြင်းကြောင့် ၁၉၅၆-၁၉၅၇ ခုနှစ်ကာလက သတင်းအခြေအနေများကိုလည်း တစ်လက်စတည်း သိရှိခွင့်ရခဲ့ပါသည်။

ဆက်လက်လေ့လာခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ငယ်ဘဝ၊ ကျောင်းသားဘဝ၊ မိသားစုဘဝ၊ နိုင်ငံရေးဘဝတို့ကို မှတ်တမ်းဓာတ်ပုံနှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။ အောက်ထပ်ဧည့်ခန်းတွင် ဗိုလ်ချုပ်တို့ အသုံးပြုခဲ့သည့် ဆိုဖာဆက်တီများကို ခင်းကျင်းပြသထားပါသည်။ ဆက်တီမှာ မူလဆက်တီဖြစ်ပြီး ကူရှင်များကိုတော့ ပြန်လည်ပြုပြင်ထားသည်ဟု သိရပါသည်။ အင်္ဂလန်နိုင်ငံထုတ် Phillip Radio ကို





လည်း အသုံးပြုခဲ့သည့် မီးပလပ်ကြိုးနှင့် တွဲ၍ပြသထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်း လောင်းကုတ်ဝတ်ဆင်ထားသည့် မတ်တပ်ရပ်နေပုံနှင့် ၎င်းပုံကို နောက်ခံထား၍ ဗိုလ်ချုပ်ကတော်၊ သားဦးနှင့် ဒုတိယသားတို့ သုံးဦး၏ ပုံများအား ခင်းကျင်းပြသထားပါသည်။ ဆီလီကွန်ဖြင့် ပြုလုပ်ထားသော ဗိုလ်ချုပ်အောင်ဆန်း စာဖတ်နေဟန် ရုပ်တုမှာလည်း အသက်ဝင်လှပေသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ လွတ်လပ်ရေးအတွက် အရေးဆိုရန် အင်္ဂလန် နိုင်ငံသို့အသွား အိန္ဒိယနိုင်ငံတွင် အိန္ဒိယဝန်ကြီးချုပ် မစ္စတာနေရူး ပေးအပ်ခဲ့သည့် သက္ကလပ်လောင်းကုတ်ကြီးကိုလည်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းမှုများ(Conservation) ပြုလုပ်ပြီး မှန်ဗီရိုအတွင်း၌ပြသထားပါသည်။

**ဘုရားကျောင်းပုံစံများ**

အပေါ်ထပ်သို့တက်ရာ လှေကားခြေရင်းတွင် ဂျူးလူမျိုးတို့၏ အထိမ်းအမှတ်တံဆိပ်ကို တွေ့ရှိရပြီး လှေကားထိပ်များတွင်လည်း ဘုရားကျောင်းပုံစံများ ထည့်သွင်းပြုလုပ်ထားသည့် ဗိသုကာလက်ရာကိုလည်း လေ့လာတွေ့ရှိရပါသည်။ လှေကားအတက်ထိပ်ပိုင်းတွင် မီးအိမ်ချိတ်ဆွဲရန်အတွက် ထိုခေတ်၏ Original သံချိတ်ကိုလည်း တွေ့ရှိရပါသည်။

အပေါ်ထပ် လှေကားထိပ်၏ ဘယ်ဘက်ခြမ်းရှိဗိုလ်ချုပ်တို့ဇနီးမောင်နှံ အိပ်ခန်းသို့ ဝင်ရောက်လေ့လာသော် နှစ်ယောက်အိပ် ကျွန်းခုတင်၊ အဝတ်အစားထည့်သည့် ကျွန်းဗီရိုကြီးများနှင့် မှန်တင်ခုံတို့ကို တွေ့ရှိရပါသည်။ ကျွန်းဗီရိုတစ်ခုအတွင်း၌ နိုင်ငံ့အရေးကိစ္စအတွက် ဗိုလ်ချုပ် အရေးပေါ်ခရီးထွက်လျှင် အဆင်သင့်ယူဆောင်သွားနိုင်မည့် သားရေသေတ္တာတစ်လုံးကို တွေ့ရှိရပါသည်။ ထိုသားရေသေတ္တာအတွင်း၌ စစ်ဝတ်စုံများ၊ ပိုးအင်္ကျီ၊ ပိုးပုဆိုး၊ ခေါင်း၊ အင်္ကျီ ပုဆိုး၊ စွပ်ကျယ်လက်တို၊ လက်စက၊ အတွင်းခံဘောင်းဘီတို၊ လက်ကိုင်ပုဝါတို့ကို ထည့်ထားသည်ကို တွေ့ရှိရပါသည်။ ထိုအင်္ကျီဘောင်းဘီများတွင် A.S ဟုအတိုကောက်စာလုံးများရေးထိုးထားသည်ကို တွေ့ရှိရခြင်းဖြင့် ဗိုလ်ချုပ်ကတော်၏ အိမ်ထောင်ရှင်မပီသမှုကို မှန်းဆမိပါသည်။

နောက်ထပ် မှန်ဗီရိုတစ်ခုထဲ၌လည်း ဗိုလ်ချုပ်၏ ညဝတ်အင်္ကျီနှင့် ဘောင်းဘီများ၊ စစ်ဝတ်စုံများ၊ အင်္ကျီ၊ ပုဆိုး၊ စွပ်ကျယ်လက်တို၊ လက်စက၊ အတွင်းခံဘောင်းဘီတိုများနှင့် အသုံးအဆောင်ပစ္စည်းများ ပြသထားသည်ကို တွေ့ရှိရပါသည်။

အိပ်ခန်းအတွင်းတွင် ဘုရားဆောင်ကို တက်သည့်လှေကားရှိသည်ကို တွေ့ရပါသည်။ ထိုလှေကားမှတစ်ဆင့် အိမ်၏ ထိပ်ပိုင်းမျှော်စင်နေရာရှိ ဘုရားဆောင်တွင် ပြတင်းပေါက်နှစ်ခုပါရှိပြီး တစ်ခုမှကြည့်သော် ရွှေတိဂုံဘုရားမြင်ကွင်း၊ နောက်တစ်ခုမှကြည့်သော် ရွှေကြက်ယက်ဘုရားမြင်ကွင်းကို စိတ်ချမ်းမြေ့ဖွယ် တွေ့ရှိရပါသည်။ ထိုဘုရားခန်းတွင် ဗိုလ်ချုပ်အောင်ဆန်း နတ်မောက်မြို့မှာ နေထိုင်ခဲ့စဉ်က ကိုးကွယ်ခဲ့သော ဗုဒ္ဓဆင်းတုတော်ကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ ယခုအခါတွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ သက်တမ်းမှာလည်း နှစ် ၁၀၀ ကျော်ပြီဖြစ်သောကြောင့် ဘုရားခန်း၏ ရေရှည်ကြံ့ခိုင်မှုကို ထိန်းသိမ်းသည့်အနေဖြင့် ဧည့်သည်များအား တက်ရောက်လေ့လာခွင့်မပြုတော့ပါ။

ဆက်လက်၍ ဗိုလ်ချုပ်စာဖတ်ခန်းတွင် ဗိုလ်ချုပ်အောင်ဆန်းဖတ်ရှုလေ့လာခဲ့သည့် မြန်မာ-အင်္ဂလိပ် စာအုပ်ပေါင်း ၂၄၀ ကျော် ပြသထားရာ အများစုမှာ နိုင်ငံရေးနှင့်ပတ်သက်သည့် အင်္ဂလိပ်စာအုပ်များဖြစ်ပြီး မြန်မာစာအုပ် နှစ်အုပ်သာပါသည်ကို တွေ့ရှိရပါသည်။ စာအုပ်များကို ထုတ်ဝေသည့်နှစ်အလိုက်လေ့လာကြည့်ရာ ၁၈၇၉ ခုနှစ်မှ ထုတ်ဝေခဲ့သော စာအုပ်ပါဝင်သည်ကို တွေ့ရှိရပါသည်။

**မြန်မာ့လွတ်လပ်ရေး**

ထို့အပြင် သမိုင်းကြောင်းဆိုင်ရာ စာအုပ်များနှင့် အခြားဘာသာရပ်အလိုက် စာအုပ်များကိုလည်း တွေ့ရှိရပါသည်။ ဗိုလ်ချုပ်၏စာဖတ်ခန်းကို လေ့လာကြည့်ရင်း အတွေးထဲဝယ် "ဗိုလ်ချုပ်ကျဆုံးခဲ့ချိန်မှာ အသက်က ၃၂ နှစ်၊ ဒီအရွယ်မှာ ဗိုလ်ချုပ်ဖတ်ခဲ့တဲ့ စာအုပ်တွေက ဒီလောက်များနေတယ်၊ အဲဒီထဲမှာမှ အင်္ဂလိပ်စာအုပ်က အများစုဆိုတော့ ဗိုလ်ချုပ်ရဲ့စာဖတ်အားကို အားကျအတုယူဖွယ်ပါလားလို့ ယနေ့ခေတ်လူငယ်များကို သိရှိစေချင်လိုက်တာ" ဟူ၍ တွေးတောမိပါသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့်အတိုင်း အနာဂတ်လူငယ်များ တကယ်လိုက်နာကျင့်ကြံရမည့်အချက်များကို ဗိုလ်ချုပ်၏စာဖတ်ခန်းမှ မီးမောင်းထိုးပြနေပါသည်။ ထိုစာအုပ်ပေါင်းများစွာ ဖတ်နိုင်ခဲ့လို့လည်း ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်အစိုးရနှင့် ဉာဏ်ရည်ချင်း ယှဉ်နိုင်၊ စကားပြောနိုင်ပြီးတော့ လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝစွာဖြင့် မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါလားလို့ တွေးမိပါသည်။

ဆက်လက်လေ့လာရသော် ဗိုလ်ချုပ်၏ သားသမီးများအိပ်ခန်းသို့ ရောက်ရှိပါသည်။ ထိုအခန်းတွင် ဗိုလ်ချုပ်သားသမီးသုံးယောက်၏ ခုတင်သုံးလုံးကို ခင်းကျင်းပြသထားပါသည်။ စာရေးသူ ဗိုလ်ချုပ်ပြတိုက်၌ ပြတိုက်မှူးတာဝန်ကျစဉ်က စိန့်ပေါလ်ကျောင်းမှာ ဒုတိယတန်းတက်နေသည့် အသက် ရှစ်နှစ်အရွယ် ဗိုလ်ချုပ်၏ဒုတိယသား အောင်ဆန်းလင်း၏ စာအုပ်များကို တစ်အုပ်ချင်း လေ့လာမှတ်သားရင်းမှ ၎င်းရေနစ်သေဆုံးခဲ့သော ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက် ရက်စွဲဖြင့် ထိုနေ့တွင် စာသင်ကြားခဲ့သည့် မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ် နှစ်အုပ်ကို အမှတ်မထင်တွေ့ရှိလိုက်ရပါသည်။

ထိုစာအုပ်ထဲမှ သူစာသင်ခဲ့သည့် နေ့စွဲနှင့် သူရေနစ်သေဆုံးခဲ့သည့်နေ့ တစ်ရက်တည်းဖြစ်နေသည်ကို တွေ့လိုက်ပြီး စဉ်းစားမိသည်မှာ မနက်ပိုင်းမှာ ကျောင်းတက်စာသင်ခဲ့ပြီး ညနေပိုင်းမှာ ရေနစ်သေဆုံးခဲ့သည်။ သင်ခဲ့သော စာက ရေနစ်သူကို ဘယ်လိုကယ်ရမလဲဆိုသည့် သင်ခန်းစာဖြစ်နေရာ တိုက်ဆိုင်လွန်းလှသောကံတရားကို တွေးမိပြီး အံ့ဩဝမ်းနည်းတုန်လှုပ်မိပါသည်။ အင်္ဂလိပ်စာအုပ်တွင် သင်ကြားခဲ့သည့် အကြောင်းအရာအချက်အလက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန်အတွက် အောင်ဆန်းလင်း၏ နောက်ဆုံးလက်ရေးမူနှင့် သူသင်ကြားခဲ့သည့် ထိုခေတ် ဒုတိယတန်းဖတ်စာအုပ်နှင့် ဗလာစာအုပ် ၁၇ အုပ်ကိုလည်း ခင်းကျင်းပြသထားပါသည်။ ယင်းလက်ရေးမူမှာပါသည့် အကြောင်းအရာနှင့် ဘာသာပြန်ဆိုချက်မှာအောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

**English**

**"16/1/53**

**I must always remember when saving a drowning person I must always go at the back and we force because he tried to get hold of every-thing and both, two get drown."**

ဘာသာပြန်ဆိုချက်-

**"ရေနစ်တဲ့ လူတစ်ယောက်ကို ကယ်ဆယ်မယ်ဆိုရင် ကျွန်တော်အမြဲမှတ်ထားရမှာက နောက်ကျောဘက်က နေကယ်ရမယ်၊ အားသုံးရမယ်။ ဘာလို့လဲဆိုရင် သူက ဆွဲမိဆွဲရာ လှမ်းဆွဲမှာဖြစ်တဲ့အတွက် နှစ်ယောက်လုံး ရေနစ်သေဆုံးသွားနိုင်လို့ပါပဲ။"**

လက်ရေးမူပြသည့်ပြကွက်ဘေးရှိ မှန်ဗီရိုထဲတွင် ဗိုလ်ချုပ်၏ သားသမီးများ ဆော့ကစားခဲ့သည့် ကတ်လေးများကို ပြသထားပါသည်။ ၎င်းကတ်လေးများမှာ ယင်းခေတ်၏ Made in England စီးကရက်ဘူးခွံများနှင့် ပြည်တွင်းစီးကရက်ဘူးခွံများကို ကတ်ကြေးဖြင့်ညှပ်၍ ကလေးများဆော့ကစားနိုင်စေရန် ဖန်တီးပေးထားသည့် ကတ်လေးများပင်ဖြစ်ပါသည်။ ယင်းကတ်လေးများမှာ ASL၊ L၊ Suu စသည်ဖြင့် ကလေးများ၏ နာမည်အတိုကောက်ဖြင့် မှတ်သား၍ ခွဲခြားပေးထားသည်ကို တွေ့ရှိရပါသည်။

ထိုမှတစ်ဆင့် အထူးအစည်းအဝေးခန်းသို့ရောက်ရှိလာရာ ဗိုလ်ချုပ် စာဖတ်သည့် ခြေထောက်တင်၍ ရသည့် ပက်လက်ကုလားထိုင်၊ စားပွဲ၊ ဆက်တီနှင့် မိန့်ခွန်းများဓာတ်ပုံများကို ပြသထားပါသည်။ ထိုအခန်းတွင် နိုင်ငံ့လွတ်လပ်ရေးအတွက် အရေးကြီးသည့် အစည်းအဝေးများ ပြုလုပ်ခဲ့မည်ကို မှန်းဆမိပါသည်။

**သီးပင်၊ စားပင် စိုက်ပျိုးနေဟန် ရုပ်တု**

အပေါ်ထပ်ကို လေ့လာပြီးသော် မြေယာအလှရှုခင်းများနှင့် စိမ်းစိုသာယာလှပနေသည့် ခြံဝင်းအတွင်းသို့ ပတ်လမ်းတစ်လျှောက်မှ စိတ်ကြည်လင်အေးချမ်းစွာ ကြည့်ရှုလေ့လာခဲ့ရပါသည်။ ပတ်လမ်းဆုံးခါနီးတွင် ဗိုလ်ချုပ်၏ ဒုတိယသား အောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့သည့် ရေကန်ကို တွေ့ရှိရပါသည်။ သေဆုံးခဲ့သည့်နေ့ရက်ကို အုတ်ပေါင်ဖြင့် သေချာခိုင်ခံ့စွာ ပြုလုပ်ထားသည်။ ရေကန်ဘေးတွင် ဗိုလ်ချုပ်အားလပ်ချိန်၌ သီးပင်၊ စားပင် စိုက်ပျိုးနေဟန် ရုပ်တုမှာလည်း လက်ရာမြောက်လှပေသည်။ စိုက်ခင်းမှာလည်း ရာသီသီးပင်စားပင်များ ဝေဝေဆာဆာ သီးပွင့်နေသည်ကို တွေ့ရှိရသဖြင့် စိတ်ချမ်းသာကြည်နူးမိပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို လေ့လာရင်း ဗိုလ်ချုပ်မိသားစုတို့ နေထိုင်ခဲ့စဉ်က ပုံရိပ်များကို မျက်လုံးထဲမှန်းဆမြင်ယောင်မိသလို ထူးခြားလှသည့်အိမ်ပုံစံ၊ မြင့်မားလှသည့် မျက်နှာကြက်၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းစေရန် ဖန်တီးတည်ဆောက်ထားသော ဒီဇိုင်း၊ ဗိသုကာလက်ရာများကိုသဘောကျနှစ်ခြိုက်မိပါသည်။ ပြည့်စုံသော မှတ်တမ်းမှတ်ရာ အချက်အလက်များ၊ ဗဟုသုတများစွာကို သိရှိခဲ့ရသလို လွမ်းမောဖွယ်ရာအတိတ်များစွာ၊ သမိုင်းများစွာ၊ ဝမ်းနည်းဖွယ်ရာများစွာတို့ကို မြင်ယောင်မိကာ မြန်မာတစ်မျိုးသားလုံးအတွက် မနားမနေ အားထုတ်ကြိုးပမ်းခဲ့ပြီး လွပ်လပ်ရေးအရယူပေးခဲ့သည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးတရားများကို သတိရလွမ်းဆွတ်မှုများစွာဖြင့် အခါခါဦးညွှတ်အလေးပြုရင်း ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးနေခဲ့သည့်နေအိမ်ပြတိုက်အား သွားရောက်လေ့လာကြရန် ဖိတ်ခေါ်အပ်ပါသည်။ ။

**ကိုးကား**


၁။ မြန်မာ့ရက်စဉ်သမိုင်း(ပထမတွဲ)
၂။ မြန်မာ့ရက်စဉ်သမိုင်း(ဒုတိယတွဲ)
၃။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်၊ ပြတိုက်မှူးဘဝလေ့လာချက်များ
၄။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် မှတ်တမ်းမှတ်ရာများ
၅။ လွပ်လပ်ရေးဗိသုကာကြီးဗိုလ်ချုပ်အောင်ဆန်း

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

(ယမန်နေ့မှအဆက်)

ဆက်လက်ပြီး အပိုင်း(၂)အထွေထွေအကြောင်းအရာများဖြစ်သည့် **ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စက်သုံးဆီကဏ္ဍနှင့် စားသုံးဆီကဏ္ဍနှင့် နိုင်ငံတကာဈေးငွေကဏ္ဍများကို** ပြောကြားလိုကြောင်း၊ **ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်**ပတ်သက်ပြီး လက်ရှိအခြေအနေတွင် ၂၀၂၂-၂၀၂၃ အခြေခံပညာသင်နှစ်ကို ဇွန် ၂ ရက်မှစပြီး စတင်ဖွင့်လှစ်လျက်ရှိကြောင်း၊ ကျောင်းတက်ရောက်ရမည့်စာရင်းရှိ ကျောင်းသားဦးရေ၏ ၉၄ ဒသမ ၀၃ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးက ကျောင်းအပ်နှံတက်ရောက်မှု အများဆုံးဖြစ်ပြီး ကယားပြည်နယ်မှာ အနည်းဆုံးဖြစ်ကြောင်း၊၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ၅ ဒသမ ၃ သန်းကျော် ကျောင်းအပ်နှံတက်ရောက်ခဲ့သည့်အတွက် ယခင်နှစ်ကထက် (လေးသန်းနီးပါး) ကျောင်းပိုမိုတက်ရောက်လျက်ရှိသည်ကို ပြောလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာကို လိုလားသည့် ကျောင်းသား ကျောင်းသူများ၊ ပူးပေါင်းဆောင်ရွက်သည့် မိဘပြည်သူများကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းအနေဖြင့် ကျောင်းတွင်း/ပြင်ပ ၂၈၁၇၅၁ ဦးဖြေဆိုခဲ့ရာတွင် ၁၃၂၀၇၇ ဦး ( ၁ သိန်း ၃ သောင်းကျော်)အောင်မြင်မှုရှိကြောင်း၊ အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းရှိကြောင်း၊ စာမေးပွဲများကို စံချိန်စံညွှန်းစည်းကမ်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် အခက်အခဲများကြားမှ ပညာကို လိုလိုလားလား သင်ယူကြိုးစားခဲ့သောကြောင့် အောင်ချက်ကောင်းမွန်ကြောင်း တွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အသိမှတ်ပြုဂုဏ်ယူရပါကြောင်း။

### အဆင့်မြင့်ပညာရပ်များ

အဆိုပါပညာသင်နှစ်တွင် အခက်အခဲများကြားက ကျောင်းတက်ရခြင်း၊ ဖြေဆိုရခြင်းဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ကပ်ရောဂါ၊ အခြားလုံခြုံရေးပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ ကြုံတွေ့ရခြင်း၊ ဆရာ ဆရာမများကိုလည်း အသက်အန္တရာယ်ရှာသည်အထိ PDF အမည်ခံအကြမ်းဖက်သမားများက နှောင့်ယှက်ခဲ့ခြင်းများလည်းရှိကြောင်း၊ ထိုသို့သော အခက်အခဲကြားမှ ကျောင်းတက်ဖြေဆိုရသူများကို နိုင်ငံတော်အကြီးအကဲက အသိအမှတ်ပြုကြောင်း၊ ထို့ကြောင့်လည်း ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ခြင်း မရှိသည့် ကျောင်းသားကျောင်းသူများအတွက် ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပေးရန်စီစဉ်ထားကြောင်း ပြောလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကို KG+9 အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားသည့်ကျောင်းများကို ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်မည်ဖြစ်သကဲ့သို့ သတ်မှတ်အရည်အချင်းပြည့်မီလျှင်လည်း အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တက္ကသိုလ်၊ ကောလိပ်များဖွင့်လှစ်သင်ကြားမှုအနေဖြင့် ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များအတွက် ဘွဲ့ကြိုသင်တန်းများနှင့် ပါရဂူသင်တန်းများအပါအဝင် ဘွဲ့လွန်သင်တန်းများအားလုံးကို တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၉ ကျောင်းတွင် ဖွင့်လှစ်ခဲ့ရာ စာရင်းရှိ ၂၉၉၅၁၃ ဦး (၂ သိန်း ၉ သောင်းကျော်)၊ ကျောင်းအပ်နှံမှု ၂၄၆၅၃၁ ဦး (၂ သိန်း ၄ သောင်းကျော်)ရှိပြီး ၇၂၆၆၀ (၇ သောင်း ၂ ထောင်ကျော်) ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းတွင်လည်း တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်လာကြသည့်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဝေးသင်သင်တန်းများရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၄၁ ကျောင်း၌ အဝေးသင်သင်တန်းများကို ပုံမှန်နေ့သင်တန်းများနှင့်အတူ တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြောင်း၊ အဝေးသင်သင်တန်းအသီးသီးတွင် အနီးကပ်သင်တန်းများ ပို့ချခဲ့ပြီးနောက် စာမေးပွဲများစစ်ဆေးခဲ့ရာ စာမေးပွဲဖြေဆိုခဲ့သည့် ကျောင်းသားကျောင်းသူဦးရေ ၂၄၃၉၉ ဦး (၂ သောင်း ၄ ထောင်ကျော်)ရှိပြီး အဝေးသင်အောင်စာရင်းများကို မကြာမီထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း။

### ပညာခေတ်တွင် ပညာရှိမှ ဘဝလှမည်

ယခင်စာသင်နှစ်များတွင် ကျောင်းအပ်မှတ်ပုံတင်ရန်ကျန်ရှိနေသည့် နှစ်ချို့ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်လာပြီး ၂၀၂၂ ပညာသင်နှစ် အဝေးသင်ပထမနှစ်သင်တန်းများကို တက်ရောက်ခွင့်ရရှိထားကြသူများအားလုံးကိုလည်း ၃၁-၇-၂၀၂၂ ရက်အထိ သက်ဆိုင်ရာကျောင်းများတွင် ကျောင်းဝင်မှတ်ပုံတင်ရန်နှင့် စာစဉ်များတင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသများ၊ ပြည်တွင်းက မလုံခြုံသည့်နေရာများ၌ ရောက်ရှိနေပြီး ရိုးသားစွာ ကျောင်းပြန်တက်လိုသည့် ကျောင်းသားကျောင်းသူများကိုလည်း ပညာရေးကို ဆက်လက်လုပ်ဆောင်နိုင်ရေး မိမိတို့အစိုးရက ပြန်လည်ဖိတ်ခေါ်ကြောင်း၊ ကြေညာချက်များလည်း ထုတ်ထားကြောင်း၊ ပညာခေတ်တွင် ပညာရှိမှ ဘဝလှမည်ဖြစ်သည်ဆိုသည်ကို စေတနာထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့်**ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို** ပြောကြားလိုကြောင်း၊ ယခုရက်သတ္တတစ်ပတ်အတွင်း တစ်နေ့လျှင် ပျမ်းမျှဓာတ်ခွဲနမူနာပေါင်း ၄၇၅၆ ခု စစ်ဆေးနိုင်ခဲ့ပြီး တစ်နေ့ပျမ်းမျှလူနာ ၁၁ ဦး ဖြစ်သည့်အတွက် ပိုးတွေ့နှုန်းသည် သုည ဒသမ ၂၂ ရာခိုင်နှုန်းသာရှိကြောင်း၊ ပြည်တွင်းကူးစက်မှု၊ တွေ့ရှိမှုက အနည်းငယ်သာရှိကြောင်း၊ ပြည်ပက ပြန်လာသူများတွေ့ရှိမှုက များကြောင်း၊ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်၏ စုစည်းထားသည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ် ဇွန် ၂၇ ရက်တွင် မြန်မာနိုင်ငံ၏ လူဦးရေ တစ်သန်းအနက် ဓာတ်ခွဲအတည်ပြုလူနာဦးရေ တစ်ဦးအောက်၊ သုည ဒသမ ၁၉ ရာခိုင်နှုန်းသာတွေ့ရှိရသည့်အတွက် မိမိတို့နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဖြတ်တောက်ထားနိုင်သည့် အခြေအနေတွင်ရှိနေကြောင်း၊ ပြန်လည်ကောင်းမွန်လာမှု(Recovery)အနေဖြင့် သုတေသနတွေ့ရှိချက်များအရ ၉၇ ရာခိုင်နှုန်းမှ ၉၉ ဒသမ ၇၅ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံ၌ ၉၉ ဒသမ ၇၃ ရာခိုင်နှုန်းရှိသည့်အတွက် အခြားနိုင်ငံများနည်းတူ ပြန်လည်ကောင်းမွန်လာသည့်နှုန်းရှိကြောင်း၊ သို့သော် လူနာသစ်နှင့် သေဆုံးသူများ တွေ့ရှိရမှုသည် ထိုင်း၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံများ၌ မြင့်မားနေလျက်ရှိကြောင်းတွေ့ရကြောင်း၊ ဒေသတွင်းနိုင်ငံအချို့ဖြစ်သည့် (စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား)နှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် (ဘင်္ဂလားဒေ့ရှ်)တို့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အနည်းငယ်မြင့်တက်နေသေးကြောင်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပေါ့ဆ၍ မရသေးကြောင်းကို ပြောလိုကြောင်း ပြောကြားသည်။

### ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်ပြီး ထိုးနှံပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇွန်လ ၂၇ ရက်အထိ လူဦးရေစုစုပေါင်း ၃၅၂၆၂၁၈ ဦး(၃၅သန်းကျော်)ကို ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အသက်(၁၈)နှစ်နှင့်အထက်လူဦးရေ၏ ၉၄ ဒသမ ၃ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးလွှမ်းခြုံမှု ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် အသက်(၁၅)နှစ်နှင့်အထက် ပြည်သူများနှင့် အသက် (၅)နှစ်မှ (၁၈) နှစ်အတွင်း အခြေခံပညာကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းနှင့် အသက်(၁၈)နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသည့် မိဘပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည့်အတွက် ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဝန်ကြီးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်ပြီး ကာကွယ်ဆေးကို မပျက်မကွက်ခံယူကြရန် တိုက်တွန်းနှိုးဆော် ထားရှိကြောင်း ပြောကြားသည်။

### ကုန်သွယ်မှုပို‌ငွေများရရှိသည့် အကျိုးကျေးဇူးများ

ဆက်လက်ပြီး **စက်သုံးဆီနှင့် စားသုံးဆီကိစ္စရပ်များကို** ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၌ ယခင်ကတည်းက ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်လာခဲ့သည့်အတွက် မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကပင် သွင်းကုန်များလျှော့ချ၍ ပြည်တွင်းထုတ်ကုန်များဦးစားပေးဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပိုငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် စတင်တာဝန်ယူချိန်ကစပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေးကို အဓိကဦးစားပေးလုပ်ဆောင်ခြင်း၊ စားသုံးဆီနှင့် စက်သုံးဆီများ ခြိုးခြံချွေတာမှုအစီအစဉ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပိုငွေများရရှိသည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများသည် မျှော်မှန်းသလောက်မရှိခဲ့ကြောင်း၊ သွင်းကုန်/ထုတ်ကုန်များသည်လည်း ပုံမှန်နှစ်များထက် နည်းပါးခဲ့ကြောင်း၊ ထိုသို့သောအခက်အခဲများကြားက အစိုးရအနေဖြင့် ဝင်ငွေများရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ သွင်းကုန်များဖြစ်သည့် စက်သုံးဆီချွေတာသုံးစွဲမှုနှင့် စားသုံးဆီများ လျှော့ချသုံးစွဲနိုင်မည်ဆိုလျှင် ပြည်ပက တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံခြားငွေသုံးစွဲမှုသည်လည်း လျော့ကျလာမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၁၉ သို့** ☆

☆ စာမျက်နှာ ၁၈ မှ

လူတစ်ဦးချင်းသည် ကျန်းမာရေးနှင့်ညီညွတ်မှုအရ တွက်ချက်လျှင် တစ်ရက် စားသုံးဆီ ၂ ဒသမ ၂၅ ကျပ်သားအထိသာ စားသုံးရမည်ဖြစ်ကြောင်း၊ ထိုနှုန်းနှင့် တစ်နိုင်ငံလုံးအတွက် ဆီလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခဲ့ရာ နိုင်ငံ၏ဆီထွက်ရှိမှုနှင့် လုံလောက်မှုမရှိသည့်အပြင် နေ့စဉ်တစ်ဦးချင်း ဆီစားသုံးမှုမြင့်မားနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆီစားသုံးမှုလျှော့ချရန်လိုသကဲ့သို့ စားသုံးဆီထုတ်လုပ်မှု တိုးတက်ရေးလည်း လိုအပ်မည်ဖြစ်သဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများ များစွာရှိကြောင်း၊ စိုက်ပျိုးမြေကို အပြည့်အဝအသုံးချစိုက်ပျိုးခြင်း၊ စိုက်ဧကအားလုံးတွင် သီးထပ်သီးညှပ်စိုက်ပျိုးရေးများဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထွက်နှုန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ဈေးကွက်အခြေအနေအရ စားသုံးဆီနှင့်ပတ်သက်ပြီး ဈေးနှုန်းမြင့်တက်ခြင်းများရှိသော်လည်း အစိုးရအနေဖြင့် လုံးဝပြတ်လပ်ခြင်းမရှိအောင် စီမံဆောင်ရွက်နေလျက်ရှိကြောင်း။

**စက်သုံးဆီလိုအပ်ချက်**

စက်သုံးဆီအနေဖြင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းကဏ္ဍတွင် နိုင်ငံတော်အနေဖြင့် Supply Chain တစ်ခုလုံးကို စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏စွမ်းအင်လုံခြုံရေးကို အထောက်အကူဖြစ်စေရန် နိုင်ငံတော်အရံဆီများကိုပါ သိုလှောင်ထားရှိထားသည်ဖြစ်သည့်အတွက် နိုင်ငံတော်၏စက်သုံးဆီလိုအပ်ချက်ကို ပုံမှန်ဖြည့်ဆည်းပေး၊ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်းလုံလောက်သည့် စက်သုံးဆီပမာဏတစ်ရပ်ကို သိုလှောင်ထားရှိကြောင်း ဦးစွာအသိပေးတင်ပြလိုကြောင်း။

နိုင်ငံတော်အတွင်း စက်သုံးဆီဖူလုံမှုရှိစေရေးအတွက် ဆောင်ရွက်သည့်နေရာတွင် ပြည်တွင်းသို့ စက်သုံးဆီတင်သွင်းမှုများကို စနစ်တကျစိစစ်ခွင့်ပြုပေးနေရသည့်အပြင် နိုင်ငံတော်အနေဖြင့် စက်သုံးဆီဖြန့်ဖြူးမှု ကွင်းဆက်တစ်ခုလုံးဟန်ချက်ညီစေရေး ထိန်းညှိဆောင်ရွက်နေရသည့်အတွက် အချို့သောဒေသများ၌ ယာယီအားဖြင့် Supply–Demand မမျှတမှုမျိုးဖြစ်ပေါ်နိုင်သော်လည်း ယင်းအခက်အခဲများ လျော့ပါးရန်အတွက် Importer ကုမ္ပဏီများနှင့် လက်လီဆိုင်များအကြား လိုအပ်သည့် ညှိနှိုင်းဖြေရှင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုသို့ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကဏ္ဍတစ်ရပ်လုံးကို ထိရောက်စွာ ထိန်းကျောင်းကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ဇွန်လအတွင်း၌ စက်သုံးဆီအမယ်မျိုးစုံ တင်ဆောင်လာသည့် သင်္ဘော ၁၇ စင်း ခန့်ရောက်ရှိခဲ့ပြီးဖြစ်သဖြင့် ပြည်တွင်းသုံးစက်သုံးဆီ လုံလောက်မှုရှိသည့်အပြင် အရံစက်သုံးဆီပါ သိုလှောင်ထားရှိကြောင်း ပြောကြားလိုကြောင်း။

ဖြန့်ဖြူးမှုအပိုင်းအနေဖြင့် သီလဝါသိုလှောင်ကန်စခန်းတွင် OSS အဖွဲ့ကို ဖွဲ့စည်းထားရှိကာ စက်သုံးဆီလက်လီအရောင်းဆိုင်များကို အဓိကထားပြီး စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ထို့ပြင် အခြားလုပ်ငန်းသုံးများအတွက် စက်သုံးဆီလိုအပ်ချက်များကိုလည်း ဦးစားပေး အစီအစဉ်အတိုင်း လက်ကားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ယင်းသို့ ဖြန့်ဖြူးရောင်းချမှုမှာ ကော်မတီက နေ့စဉ်ထုတ်ပြန်ပေးထားသည့် လက်လီ/လက်ကား

**☆ နယ်စပ်ဒေသများ၊ ပြည်တွင်းက မလုံခြုံသည့်နေရာများ၌ ရောက်ရှိနေပြီး ရိုးသားစွာကျောင်းပြန်တက်လိုသည့် ကျောင်းသား ကျောင်းသူများကိုလည်း ပညာရေးကို ဆက်လက်လုပ်ဆောင်နိုင်ရေး မိမိတို့အစိုးရက ပြန်လည်ဖိတ်ခေါ်ကြောင်း၊ ကြေညာချက်များလည်း ထုတ်ထားကြောင်း၊ ပညာခေတ်တွင် ပညာရှိမှ ဘဝလှမည်ဖြစ်သည်ဆိုသည်ကို စေတနာထားတိုက်တွန်းလိုပါကြောင်း ပြောကြား**

**☆ အစိုးရအနေဖြင့် စီးပွားရေးမြှင့်တင်မှုဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်ကုန်နှင့် စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ လုပ်သွားရမည်ဖြစ်ကြောင်း၊ ရရှိထားသည့်မြေ၊ ရေနှင့် လူသားအရင်းအမြစ်များကို စွမ်းအားမြှင့်တင်ပြီး အောင်မြင်အောင်ဆောင်ရွက်သွားမည်ဟု ပြောကြား**

ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချပေးနေခြင်းဖြစ်ကြောင်းပြောကြား၍ ၃၀-၆-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ လက်ရှိစက်သုံးဆီဈေးနှုန်းများကို Power Point တွင် ရှင်းလင်းပြသသည်။

ဆက်လက်ပြီး ပြည်တွင်း၊ ပြည်ပချေးငွေများအကြောင်း ပြောမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပချေးငွေရယူမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်တွင်းချေးငွေပေါင်း ငွေကျပ်ဘီလီယံ ၁၆၉၆၃ ဒသမ ၇၄၆ (တစ်သောင်းခြောက်ထောင်ကျော်ဘီလီယံ)နှင့် ပြည်ပချေးငွေပေါင်း ငွေကျပ်ဘီလီယံ ၅၂၈၁ ဒသမ ၂၂၆ (ငါးထောင် ကျော်) စုစုပေါင်း ငွေကျပ်ဘီလီယံ ၂၂၂၄၄ ဒသမ ၉၇၂ (နှစ်သောင်း နှစ်ထောင်ကျော်)ရှိကြောင်း။

**အစိုးရငွေတိုက်စာချုပ်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်တွင်းကြွေးမြီလက်ကျန်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာကြောင်း၊ ယင်းသို့ပိုမိုလာခြင်းသည် နှစ်စဉ်ပြည်ထောင်စုဘတ်ဂျက်တွင် လိုငွေများ တိုးတက်ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ပြီး အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်နှင့်ရောင်းချရာတွင်ရွေးယူရမည့် ပမာဏထက် ပိုမိုရောင်းချရခြင်း၊ အစိုးရငွေတိုက်စာချုပ်များ ဈေးပြိုင်စနစ်နှင့် ရောင်းချရာတွင် ယင်းဘဏ္ဍာရေးနှစ်အတွင်း ဈေးပြိုင်စနစ်မတိုင်မီ ရောင်းချခဲ့သည့် ငွေတိုက်စာချုပ်များနှင့် ဈေးပြိုင်စနစ်နှင့်ရောင်းချခဲ့သည့် သက်တမ်းစေ့ရောက်သော ငွေတိုက်စာချုပ်များကို ပြန်လည်ရွေးနုတ်ရသည့်ပမာဏထက် ပိုမိုရောင်းချရခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေချေးယူခြင်း၏ ဖြည့်ဆည်းခဲ့ရသည့် ပမာဏများပြားလာခြင်းများကြောင့်ဖြစ်ကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ပထမ လေးလကာလအထိ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်အထိ တိုးတက်ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထက်ဝက်ခန့်ကျဆင်းသွားခဲ့ကြောင်း၊ ယင်းသည် ထိုအချိန်တုန်းက လွှတ်တော်၌ တရားဝင်တင်ပြခဲ့သည့် စာရင်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိပြောကြားလိုသည်မှာ စီးပွားရေးကျသည်ဆိုခြင်းမှာ ထိုအချိန်ကတည်းက စတင်ကျဆင်းနေခြင်းဖြစ်ကြောင်း၊ နှစ်အလိုက် ရငွေ၊ သုံးငွေနှင့် ပိုငွေ လိုငွေသည်လည်း နှစ်စဉ်လိုငွေဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လိုငွေအများဆုံးဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့သည့် လိုငွေများကို အစိုးရငွေတိုက်လက်မှတ်များ၊ အစိုးရငွေတိုက်စာချုပ်များ ရောင်းချဖြည့်ဆည်းခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေချေးယူခြင်းတို့နှင့် ဆောင်ရွက်ခဲ့ရသည်ကို တွေ့ရကြောင်း၊ အကျိုးဆက်အနေဖြင့် ပြည်ပကြွေးမြီနှင့် ပြည်တွင်းကြွေးမြီလက်ကျန်များ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာခြင်းကြောင့် ရေရှည်တွင် ကြွေးမြီခံနိုင်ရည်ရှိမှုကို သုံးသပ်တွက်ချက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**အတိုးအရင်း ဒေါ်လာသန်း ၇၀၀ ခန့်**

မိမိတို့အစိုးရအနေဖြင့် ပါဝါပွိုင့်တွင် ပြထားသည့် ချေးငွေများကို နှစ်စဉ် အတိုးအရင်း ဒေါ်လာသန်း ၇၀၀ ခန့် ပေးဆပ်နေရကြောင်း၊ ထိုသို့ကျဆင်းနေသည့်စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန်ကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ပြည်တွင်းထုတ်ကုန်များနှင့် ပြည်တွင်းစီးပွားရေးကို အားမပေးဘဲ သွင်းကုန်ကိုသာ အဓိကထားခဲ့သည့် မူဝါဒအမှားကြောင့် ယခုကဲ့သို့စီးပွားရေး ကျဆင်းနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် စီးပွားရေးမြှင့်တင်မှုဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်ကုန်နှင့် စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ လုပ်သွားရမည်ဖြစ်ကြောင်း၊ ရရှိထားသည့်မြေ၊ ရေနှင့် လူသားအရင်းအမြစ်များကို စွမ်းအားမြှင့်တင်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။

ဆက်လက်ပြီး တတိယအချက်အနေဖြင့် NUG၊ PDF တို့၏ အကြမ်းဖက်ဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်မှုများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ လက်ရှိ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့အမည်သည် မြန်မာလို အမျိုးသားညီညွတ်ရေးအစိုးရဟုခေါ်ကြောင်း၊ ညီညွတ်သည်မှာ နှစ်ခုသာရှိကြောင်း၊ ပထမဆုံး ညီညွတ်သည်မှာ ပြည်ပကိုပြေးခြင်းဖြစ်ကြောင်း၊ ရရှိထားသည့်သတင်းများအရ တစ်ယောက်၊ နှစ်ယောက်မှအပ ဘယ်သူမှ ပြည်တွင်း၌ မကျန်ပါကြောင်း၊ တစ်ယောက်၊ နှစ်ယောက်ဆိုသည်မှာလည်း ၎င်းတို့ ပြောနေကျစကားဖြစ်သည့် **“ခါတ်ပုံရိုက်ချင် ပြည်တွင်းဝင်၊ ရိုက်ပြီးပြန်ထွက်တစ်မနက်”** ခရီးဆိုသည့် နိုင်ငံဘက်၌ နေကြခြင်းဖြစ်ကြောင်း၊ နောက်ထပ် ညီညွတ်သည်မှာ အလှူခံခြင်းသာဖြစ်ကြောင်း၊ ထိုနှစ်ခုမှအပ မညီညွတ်သဖြင့် အချင်းချင်းအပြန်အလှန် သတ်ဖြတ်နေခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မိမိပြောခဲ့သည့် KNPP က သတ်ခဲ့သည့် ဆင်မကြီးဆိုသည့် ပုဂ္ဂိုလ်ကိစ္စအား ယခုအချိန်အထိ ပြောဆိုနေကြခြင်းရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးက ဗိုလ်သံမဏိဆိုသည့် ပုဂ္ဂိုလ်သတ်ဖြတ်ခဲ့သည်မှာ မည်သည့်အဖွဲ့များပါသလဲ၊ ယခုလတ်တလောဖြစ်နေသည့် အပြန်အလှန်ဖမ်းကြ၊ စစ်ကြ၊ သတ်ကြဖြစ်နေသည့် အဖွဲ့များက မည်သည့်အဖွဲ့များလည်းဆိုသည်ကို စဉ်းစားကြည့်စေလိုပါကြောင်း။

၎င်းတို့ အချင်းချင်းကြားတွင် ငါတို့က ပကဖ၊ မင်းတို့က PDF၊ ငါတို့က NUG နှင့် ချိတ် ဆက်ထားတာစသည်ဖြင့် ဖြစ်နေကြကြောင်း၊ ငါတို့က လွတ်လွတ်လပ်လပ်တိုက်တာ စသည့် အချက်အလက်များကိုလည်း ကြားသိမြင်တွေ့နေကြမည်ထင်ပါကြောင်း ပြောကြားပြီး ယင်းတို့နှင့်ပတ်သက်၍ ထိုအဖွဲ့များ အချင်းချင်း ပြောကြားထားကြသည့် ဗီဒီယိုဖိုင်များကို ပြသသည်။

အလှူငွေကိစ္စများတွင်လည်း အပြန်အလှန်စွပ်စွဲနေသည်မှာ မကြားချင်မှအဆုံးဖြစ်ကြောင်း၊ ထို့ပြင် အလှူငွေကောက်မရသည့်အခါ ဓားပြတိုက်မှုများဆက်လက်ကျူးလွန်နေမှုများရှိကြောင်း၊ လွန်ခဲ့သည့်ခြောက်လ၊ ခုနစ်လက EAO အဖွဲ့ခေါင်းဆောင်တစ်ယောက် ပြောကြားခဲ့ဖူးသည့် “PDF အဖွဲ့များသည် ဓားပြသာသာ ဖြစ်သွားနိုင်သည်” ဆိုသည့် စကားရှိကြောင်း၊ ထိုစကားသည် အတွေ့အကြုံအရပြောသည့်စကားဖြစ်ကြောင်း၊ လက်တွေ့တွင်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဇွန် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲကို ဓားပြတိုက်ခဲ့သည့်ဖြစ်စဉ်ကို သတိရမည်ဖြစ်ကြောင်း၊ ယင်းဓားပြတိုက်မှုကို သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းဖော်ထုတ်မှု လျင်လျင်မြန်မြန် ပြုလုပ်ခဲ့ကြောင်း၊ အံ့သြစရာကောင်းသည်မှာ ယင်းဓားပြအဖွဲ့သည် PDF အဖွဲ့ဖြစ်နေကြောင်း၊ ရတနာပုံတော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့သည် ကမ္ဘောဇဘဏ်ခွဲ (၉)ကို ဝင်ရောက်ပြီး ဘဏ်ဝန်ထမ်းများကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ ငွေကျပ် ၄၄၉ သိန်းကို ဓားပြတိုက်ယူဆောင်သွားခဲ့သည်ကို တွေ့ရကြောင်း ပြောကြား၍ ဓားပြတိုက်မှုဖြစ်စဉ်ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းဖြစ်စဉ်မှ PDF အဖွဲ့ခေါင်းဆောင်မှာ ဆရာစွမ်းဆိုသည့် ထက်ရှိုင်းဇော်ဖြစ်ပြီး အင်အား ၂၅ ဦးနှင့် ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းကိုဖမ်းဆီးခဲ့စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ဖမ်းဆီးရာ ဓားပြတိုက်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် PDF အဖွဲ့ခေါင်းဆောင်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၈ ခုနှစ်ခန့်က တပ်သားအဆင့်ဖြင့် တပ်ပြေးမှုကျူးလွန်ထားသည့် စစ်ပြေးတစ်ယောက်လည်းဖြစ်ကြောင်း၊ ဓားပြတစ်ယောက်လည်းဖြစ်ကြောင်း၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ဟူ၍ အမည်ခံသည့် ပြည်သူကို ဓားပြတိုက်သည့် အဖွဲ့ဖြစ်ကြောင်း၊ မည်သည့်ပြည်သူများကို ကာကွယ်နေသနည်းဟု မေးခွန်းထုတ်လိုကြောင်း၊ ထိုကဲ့သို့သော PDF အဖွဲ့များလည်း ရှိနေကြောင်း၊ ယင်း PDF ခေါင်းဆောင်သေသည့်အခါ အခြား PDF အဖွဲ့ခေါင်းဆောင်များ၊ NUG နှင့် ဆက်စပ်နေသူများက သူရဲကောင်းတစ်ယောက်သဖွယ် ရေးခဲ့၊ ပြောခဲ့၊ Post များတင်ခဲ့သည်များကို တွေ့ရှိရကြောင်း၊ ယင်းအဖွဲ့များသည် “ပုလင်းတူ ဘူးဆို့” ဓားပြအားပေးများဆိုသည်မှာ ထင်ရှားကြောင်းပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပုံပြင်

## အခြေအနေမှန်

## လူလိမ်၏ ဆင်ခြေ

မင်းယုဝေ

### အခြေအနေမှန်

တစ်ရံရောအခါက ဘုရင်၏အမတ်ကြီးတစ်ဦးသည် ဆောင်းရာသီတွင် ခရီးထွက်လာ၏။ သူသည် ခရီးတစ်ဝက်တွင် တစ်နေရာ၌ ရပ်နား၍ စခန်းချ၏။

သူသည် ရွက်ဖျင်တဲကြီးတစ်လုံး ထိုးစေကာ တဲထဲတွင် နေထိုင်သည်။ တဲထဲတွင် စည်းစိမ်ရှိစွာဖြင့် နေထိုင်လျက် အရက်သောက်နေသည်။ သူ့ဘေးတွင် ဖယောင်းတိုင်ကြီးနှစ်တိုင် ထွန်းညှိထားသည်။ မနီးမဝေးတွင်လည်း မီးဖိုကြီး ဖိုထားသည်။

ထို့ကြောင့် နွေးထွေးလျက်ရှိရာမှ အရက်သောက်နေသဖြင့် အရက်ခိုးများပြန်၍ နဖူးမှချွေးများ ကျလာသည်။

ဤတွင် အမတ်ကြီးသည် ချွေးများကိုသုတ်ရင်း

“ရာသီဥတုကတယ်ဖောက်ပြန်တာပဲ၊ ဆောင်းတွင်းကြီးတောင် ဘာလို့ ဒီလောက်ပူရတာလဲ”ဟူ၍ ညည်းတွားပြောဆို၏။

ထိုအချိန်၌ သူ၏တဲအပြင်တွင်နေရသောအစောင့်ကမူ ချမ်းအေးလှသဖြင့် ခိုက်ခိုက်တုန်နေရှာသည်။

အစောင့်သည် အမတ်ကြီး၏ညည်းတွားသံကိုကြားရသောအခါ တဲတွင်းဝင်လာပြီးလျှင်

“ကျွန်တော်တို့ ရပ်စောင့်နေရတဲ့ တဲအပြင်မှာတော့ ရာသီဥတုက မှန်ပါတယ်ခင်ဗျာ၊ မယုံရင် အမတ်ကြီးတဲပြင်ကိုထွက်ကြည့်တော်မူပါခင်ဗျာ” ဟူ၍ ပြောဆိုလိုက်လေသတည်း။ ။

### လူလိမ်၏ ဆင်ခြေ

တစ်ခါသော် ဆေးဆရာလိမ်တစ်ဦးသည် “ခါးကုန်းသောရောဂါ” ကို ကုသနိုင်သည်ဟု ကြေညာသည်။ သူသည် သူ၏အိမ်ရှေ့တွင် “လေးကိုင်း၊ ပုစွန်တုပ်၊ ဆန်ခါ၊ ထမင်းအိုး စသည်တို့ကဲ့သို့ ခါးကုန်းနေပါစေ၊ မုချပျောက်အောင် ကုသပေးမည်”ဟူ၍ ဆိုင်းဘုတ်ရေးထားသည်။

ထိုအခါ ခါးကုန်းသူတစ်ယောက်သည် အဟုတ်အမှန်ထင်၍ လာရောက်ကုသခံ၏။

ဆရာလိမ်သည် လူနာကို လုံးဝဆေးမလိမ်း၊ ဆေးမတိုက်၊ ပျဉ်ပြားတစ်ချပ်တွင် တက်၍မှောက်စေသည်။

ထို့နောက် အခြားပျဉ်ပြားတစ်ချပ်ကို လူနာ၏ကျောပေါ်တွင် တင်လိုက်သည်။ ပြီးလျှင် ထိုပျဉ်ပြားနှစ်ချပ်ကို ကြိုးဖြင့်ခိုင်မြဲစွာ ချည်နှောင်သည်။ ထို့နောက် အပေါ်ကတက်၍ တအားဖိလေသည်။

လူနာသည် နာလွန်းသဖြင့် အော်ဟစ်ရုန်းကန်သော်လည်း မရ။ ဆရာလိမ်က ဆက်၍သာဖိ၏။

နောက်ဆုံးတွင် လူနာသည် ခါးဆန့်သွားသည်။ သို့ရာတွင် အသက်ကား မရှိတော့ပေ။


ဤတွင် လူနာ၏သားက ထိုဆရာလိမ်ကို တရားစွဲမည်ပြုသည်။ ထိုအခါ ဆရာလိမ်က...

“ငါက မင်းအဖေကို ခါးဆန့်အောင်သာ ကုတာ၊ အသက်ရှင်တာ၊ မရှင်တာ ငါနဲ့မဆိုင်ဘူး”ဟူ၍ ဆင်ခြေပေး ပြောဆိုလိုက်သည်။

**ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)



လူမှု ၁၀

# လူငယ်များနှင့် အသိပညာဆည်းပူးခြင်း

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

လူငယ်များအနေဖြင့် မည်သည့်လုပ်ငန်းကို စတင်သည်ဖြစ်စေ ထိုလုပ်ငန်း လုပ်ပုံလုပ်နည်း အကြောင်း ကောင်းစွာသိရှိထားရန် လိုအပ်သည်။ လုပ်ငန်းအတော်များများသည် အသိပညာချို့တဲ့မှုကြောင့် ပျက်ပြားရလေ့ရှိသည်။ အောင်မြင်သော လူငယ်လုပ်ငန်းရှင်များကို လေ့လာကြည့်လျှင် မိမိလုပ်ငန်းအပေါ် ဂဃနဏ သိရှိကြသည်ကို တွေ့ရသည်။

လူငယ်များသည် ပညာလေ့လာဆည်းပူးရန် စိတ်ပိုင်းဖြတ်ထားရမည်ဖြစ်သည်။ စိတ်ကူးအိုင်ဒီယာကို ရရှိပြီးနောက် ယင်းစိတ်ကူးကို အကောင်အထည်ဖော်နိုင်ရန် တတ်နိုင်သမျှ လေ့လာဆည်းပူးရမည်ဖြစ်သည်။ အသိပညာကို ဆည်းပူးရာတွင် အခြားသူများနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူမှု ပြုလုပ်ရန် လိုသည်။ မိမိနားမလည်သော အကြောင်းအရာအတွက် မေးမြန်းရန် ဝန်မလေးပါနှင့်။

လူငယ်များအနေဖြင့် ဆန်းသစ်သောအတွေးအခေါ် အလေ့အထတစ်ခု ရရှိလာခြင်းသည် အောင်မြင်ခြင်းအတွက် ခြေလှမ်းသစ်စတင်ခြင်းပင်ဖြစ်သည်။ အောင်မြင်မှုအတွက် အသိပညာလေ့လာဆည်းပူးမှု လိုအပ်သည်။ လူငယ်များသည် အသစ်အဆန်းတစ်ခုကိုဖြစ်စေ၊ အကြောင်းအရာတစ်ခုကိုဖြစ်စေ လေ့လာသင်ယူရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ သို့မှသာ မိမိတို့၏အရည်အသွေးကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်နိုင်မည်ဖြစ်သည်။ လေ့လာဆည်းပူးမှု အားနည်း၍သော်လည်းကောင်း၊ ဉာဏ်ရည်မထက်မြက်မှုကြောင့်သော်လည်းကောင်း ကမ္ဘာလောကတွင် ဆုံးရှုံးမှုများ တွေ့ကြုံရစမြဲ ဖြစ်သည်။ ဆုံးရှုံးမှုဟူသည် မိမိတန်ဖိုးထားသောအရာကို မရရှိခြင်းပင်ဖြစ်သည်။ စမတ်မကျခြင်း၊ ဉာဏ်ရည်မထက်မြက်ခြင်းကြောင့်လည်း ဆုံးရှုံးမှုကြုံရနိုင်သည်။ မိမိ၏အလားအလာ (သို့မဟုတ်) စွမ်းရည်မပြည့်ဝခြင်းသည် ဆုံးရှုံးမှုပင်ဖြစ်သည်။ ကြိုးပမ်းအားထုတ်မှုဖြင့်သာ အောင်မြင်မှုသို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

လူငယ်များသည် တွေးခေါ်မှုအလေ့အထ (Mindset)ကို လေ့လာသင်ယူမှုဆီသို့ ဦးတည်ရမည်ဖြစ်သည်။ ယင်း Mindset က လူငယ်တို့၏တွေးခေါ်မှုများ၊ ယုံကြည်မှုများကို အောင်မြင်မှုဆီသို့ ဦးတည်ပေးနိုင်သည်။ တစ်ချိန်က ထင်ရှားကျော်ကြားသော နိုင်ငံရေးသဘောတရား ပညာရှင်တစ်ဦးဖြစ်သူ ဘင်ဂျမင်ဘာဘာ(Benjamin Barber)က ဤသို့ ပြောဆိုခဲ့သည်။

“ကမ္ဘာလောကကြီးကို အားနည်းသူ၊ အားကြီးသူ ဒါမှမဟုတ် အောင်မြင်မှုတွေနဲ့ ဆုံးရှုံးမှုတွေဆိုပြီး မခွဲထားဘူး။ ငါဟာ ဒီလောကကြီးကို လေ့လာသင်ယူသူတွေနဲ့ မလေ့လာမသင်ယူသူတွေဆိုပြီး ခွဲထားတယ်”


စင်စစ် လူတိုင်းသည် လေ့လာသင်ယူရန် ပြင်းပြသော စိတ်အားထက်သန်မှုမျိုးဖြင့် မွေးဖွားလာသည်။ မွေးကင်းစကလေးများသည် သူတို့၏ကျွမ်းကျင်မှုများကို နေ့စဉ်ဆန့်ထုတ်သည်။ လမ်းစလျှောက်ရန်နှင့် စကားပြောရန် သင်ယူကြသည်။ ကလေးများသည် အမှားများမှ အားထုတ်ရင်းနှင့် လေ့လာသင်ယူလာကြသည်။ ပုံသေအတွေးအခေါ်ရှိသည့်ကလေးများက သူတို့အောင်မြင်မှုအတွက် သေချာအောင် ပြုလုပ်ချင်ကြသည်။ တိုးတက်လိုသောအတွေးအခေါ် (Growth Mindset)ရှိသည့် ကလေးများမှာမူ အစွမ်းကုန်ကြိုးပမ်းအားထုတ်ခြင်းဖြင့် ပိုမိုထူးချွန်လာကြသည်။ သို့ဖြစ်ရာ လူငယ်များအနေဖြင့် လေ့လာသင်ယူခြင်းကို စဉ်ဆက်မပြတ် ပြုလုပ်သွားရန်လိုသည်။

လူငယ်များအနေဖြင့် လေ့လာဆည်းပူးရာတွင် ဆက်စပ်ရာလမ်းကြောင်းများကို စူးစမ်းရန်လိုသည်။ အခြားနည်းလမ်းများကိုတွေ့ရှိအောင် ကြိုးစားရန်လိုသည်။ လူငယ်များသည် လုပ်ငန်းခွင်တွင်လည်း ကျွမ်းကျင်သူများနှင့်အလုပ်လုပ်ရင်း အတွေ့အကြုံလေ့လာသင်ယူရန် အရေးကြီးသည်။ လူအများနှင့် စကားပြောဆိုခြင်းဖြင့်လည်း မျက်မှောက်ရေးရာနှင့်အနာဂတ်ရေစီးကြောင်းကို လေ့လာသိရှိနိုင်သည်။

လူငယ်များသည် ခေတ်မီတိုးတက်နေသော အသိပညာခေတ်တွင် စာအုပ်များ၊ သတင်းစာများ၊ ပညာရပ်ဆိုင်ရာမဂ္ဂဇင်းများကိုလည်း ဖတ်ရှုလေ့လာရန်လိုသည်။ ပညာလေ့လာဆည်းပူးမှုသည် ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ်သော လုပ်ငန်းပင်ဖြစ်သည်။ ရှာဖွေတွေ့ရှိချက်အသစ်များ၊ လုပ်ထုံးလုပ်နည်းအသစ်များကို အမြဲမပြတ် လေ့လာဆည်းပူးရန်လိုသည်။ လူငယ်များသည် အသိပညာဆည်းပူးခြင်းဖြင့် အမြင်ကျယ်ရန်လိုသည်။ မိမိတွင်ရှိသော အရင်းအမြစ်များကို အသုံးပြုရန်လိုသည်။

“ကျွန်တော် သိပ်ပြီး အသိဉာဏ်ရှိမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေတာပဲ။ ကျွန်တော့်ကို ပိုပြီးအသိပညာရှိအောင် ပညာသင်ကြားပေးနိုင်မယ့် လူတွေကို ကျွန်တော်ရှာမယ်”ဟု ဟင်နရီဖို့ဒ် (Henry Ford) က ဆိုခဲ့သည်။ ယင်းသည် သူ့အောင်မြင်မှု၏ လျှို့ဝှက်ချက်တစ်ခုပင် ဖြစ်သည်။

Ref: Knowledge by MS Reddy



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၈၆,၆၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၆၄၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၁၂,၃၈၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၅,၅၃၉,၇၅၈) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆၈) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၆၁၀) ခု | (၅)ဦး |
| **စုစုပေါင်း** | **(၄,၀၃၃) ခု** | **(၆)ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၁၂,၃၈၆ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၅၃၉,၇၅၈ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၅၂၂၃၂၈ | ၈၅၀၁၀၃၄၁ | ၁၀၄၃၃၀၈ |
| ၂။ | အိန္ဒိယ | ၄၃၅၀၂၄၂၉ | ၄၂၈၆၅၅၁၉ | ၅၂၅၁၉၉ |
| ၃။ | ဘရာဇီး | ၃၂၄၇၆၉၂၀ | ၃၀၈၈၀၅၈၄ | ၆၇၁၉၃၈ |
| ၄။ | ပြင်သစ် | ၃၁၂၀၈၉၂၅ | ၂၉၇၀၀၃၃၄ | ၁၄၉၅၈၅ |
| ၅။ | ဂျာမနီ | ၂၈၃၉၂၆၂၉ | ၂၆၇၄၂၈၀၀ | ၁၄၁၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၇၄၁၀၆၅ | ၂၂၁၅၈၅၈၇ | ၁၈၀၄၁၇ |
| ၇။ | အီတလီ | ၁၈၆၉၅၉၅၄ | ၁၇၅၆၁၉၀၂ | ၁၆၈၄၈၄ |
| ၈။ | ရုရှား | ၁၈၄၃၉၇၅၉ | ၁၇၈၆၇၆၈၈ | ၃၈၁၂၆၃ |
| ၉။ | တောင်ကိုရီးယား | ၁၈၃၈၉၆၁၁ | ၁၈၂၂၃၉၁၇ | ၂၄၅၇၀ |
| ၁၀။ | တူကီယဲ | ၁၅၁၂၃၃၃၁ | ၁၅၀၀၅၂၄၉ | ၉၉၀၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၈၆၃၉ | ၉၇၀၈၉၈၄ | ၄၃၀၈၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၉၃၉၁၇ | ၅၉၂၀၂၄၉ | ၁၅၆၇၄၉ |
| ၃။ | မလေးရှား | ၄၅၇၁၃၅၅ | ၄၅၀၅၁၉၉ | ၃၅၇၇၁ |
| ၄။ | ထိုင်း | ၄၅၃၀၁၀၅ | ၄၄၇၄၄၁၆ | ၃၀၇၀၃ |
| ၅။ | ဖိလစ်ပိုင် | ၃၇၀၈၂၇၁ | ၃၆၃၇၉၇၆ | ၆၀၅၉၂ |
| ၆။ | စင်ကာပူ | ၁၄၆၁၁၀၇ | ၁၃၆၁၂၈၄ | ၁၄၁၆ |
| ၇။ | မြန်မာ | ၆၁၃၆၄၈ | ၅၉၂၅၈၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၀၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၄၇၂၇ | ၁၅၇၆၆၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၉၆ | ၁၃၃၂၀၆ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ




**ဟိုပုံး**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာ အဖွဲ့က ဟိုပုံးမြို့ ပြည်သူ့ဆေးရုံ၌ လိုအပ်သော ဆေးဝါးများဝယ်ယူရန်အတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ဟိုပုံးမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ဇနီး ဒေါ်မြတ်ခင်မော်နှင့် တာဝန်ရှိသူများက ဟိုပုံးမြို့ပြည်သူ့ဆေးရုံ၌ လိုအပ်သောဆေးဝါးများ ဝယ်ယူရန်အတွက် ထောက်ပံ့ငွေပေးအပ်ပြီး ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမင်းထွန်း(ပအိုဝ်းဒေသ)**

**မြန်အောင်**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု မျှင်ဝါးတောင်ကျေးရွာ ပုသိမ်-မုံရွာ ကားလမ်းမိုင်တိုင် (၇၇/၂) အနီး မျှင်ဝါးတောင်ကြိုးဝိုင်းအကွက်အမှတ် (၅၂) ၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလွင်၊ခရိုင်သစ်တောဦးစီးမှူး ဦးတင်အုန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးနှင့် သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာ့ဝန်ထမ်းများက ကျွန်းပင် ၄၄၀၊ မန်ကျည်းပင် ၄၀၀တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့နယ်လှည်းကြီးကျေးရွာအနီး မြေကွက်လပ်၌ ကျင်းပသည်။

မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဒေသခံ ကျေးရွာနေပြည်သူများ စုစုပေါင်း ၉၀ ခန့် တက်ရောက်ကြပြီး အပင်အမြင့်နှစ်ပေအထက်ရှိသော ကျွန်း၊ ခရေ၊ မည်စည်၊ ကုက္ကို၊ စိန်ပန်းစသည့် စုစုပေါင်းအရိပ်ရသစ်ပင် ၁၅၀ ကို သတ်မှတ်နေရာများတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်းသိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

**ကျိုက်ထို**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့ ကျိုက်ပိရွှေသောင်ကွင်း ဒီရေတောကြိုးပြင်ကာကွယ်တော၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာသူ ကျေးရွာသားများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ အမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ဗျူးခြေထောက်(အဖို) အပင် ၁၂၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သန်းသန်းမော်(ကျိုက်ထို)**




**ခန္တီး**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပသည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပရာတွင် ဉာဏ်စမ်းပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတို့ကို ကျင်းပပြီး ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတို့တွင် မူကြိုကလေးငယ်များက မိမိတို့ ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မူကြိုကျောင်းမှ ဆရာမများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်တွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်၂၀၂၂ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို အမှတ်(၇) ရပ်ကွက်ရှိ အ-မ-က(၂၀) မူလတန်းကျောင်း၌ ဇူလိုင် ၃ ရက် နံနက် ၈နာရီက ကျင်းပသည်။

မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ကော့ကရိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်နှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ မြို့နယ်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ဆရာ ဆရာမများက သတ်မှတ်ထားသည့် နေရာများတွင် မဟောဂနီ၊ မန်ကျည်းရှား၊ ပျဉ်းကတိုး စုစုပေါင်းအပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေဝင်ရောက်သည့် အိမ်ထောင်စု ၁၂၅ စုအား ဆန်နှင့် ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ပုန်ခုန်းရပ်ကွက် လီဒိုလမ်းမကြီးပေါ်၌ ကျင်းပသည်။

မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများက ဆင်မ်ဆာ့ရပ်ကွက်နှင့် ပုန်ခုန်းရပ်ကွက်တို့တွင် ရေဝင်ရောက်ခဲ့မှုကြောင့် အခက်အခဲရှိသည့် အိမ်ထောင်စု ၁၂၅ စုအား ဆန်တစ်အိတ်၊ ခေါက်ဆွဲခြောက်တစ်ဖာ၊ ရေသန့်တစ်ကတ်နှင့် ကြက်ဥတစ်ကတ်စီ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မနောမြေ(တနိုင်း)**

**ရန်ကုန်**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် Online Talk Show ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူ၊ သာကေတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ် Women Club ဒုဥက္ကဋ္ဌ ဒေါ်စမ်းစမ်းနွဲ့တို့က မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ လုပ်ဆောင်ချက်၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ချက်၊ ဦးတည်ချက်လေးချက်၊ အခြေခံမူငါးချက်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ သာကေတမြို့နယ်အတွင်း အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များ ဆွေးနွေးပြီး မြန်မာအမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ အရည်အသွေးစွမ်းပကား မြှင့်တင်ရန်ဟူသည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

# မန္တလေးမြို့၌ ဂျပန်စက်ဘီးများ ဈေးကွက်နေရာရရှိ

**မန္တလေး ဇူလိုင် ၃**

မန္တလေးမြို့သည် စက်ဘီးစီးသွားလာသူ များပြားသည့်အတွက် စက်ဘီးမြို့တော်ဟု ဆိုနိုင်သဖြင့် စက်ဘီးဈေးကွက် ကောင်းမွန်သောကြောင့် ဂျပန်နိုင်ငံမှ ကွန်တိန်နာဖြင့်ဝင်ရောက်လာသည့် ဂျပန်စက်ဘီးများ ဈေးကွက်နေရာရရှိကာ ဝယ်ယူစီးနင်းသူ များပြားနေကြောင်း သိရသည်။

ဂျပန်စက်ဘီးများ စီးနင်းရန် ဝယ်ယူမှုများပြားလာသည့်အတွက် ဈေးကွက်တွင် ယခင်ကထက် ဈေးနှုန်းလည်း အနည်းငယ်မြင့်လာသည်ဟုဆိုသည်။

“ဂျပန်နိုင်ငံမှာ အသုံးပြုပြီးတဲ့ စက်ဘီးအဟောင်းတွေဆိုပေမယ့် ကြံ့ခိုင်ကောင်းမွန်တဲ့ စက်ဘီးတွေပါ။ ဂီယာပါတာနဲ့ မပါတာက ဈေးမတူဘူး။ အခြေခံဈေးကတော့ တစ်စီးကို ငွေကျပ် ၁၂၀၀၀၀ လောက်ပါ။ ရှေ့ခြင်းမပါရင် ခြင်းထည့်ပေးတယ်။ မကောင်းတာတွေ့ရင် ပြင်တယ်။ ဈေးကလည်း လူတိုင်းဝယ်နိုင်တဲ့ဈေးအနေအထားပါ” ဟုမန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၃ လမ်း၊ လမ်း ၂၀ မှ ဂျပန်စက်ဘီးရောင်းချသူက ပြောသည်။

ဂျပန်နိုင်ငံ ပြည်တွင်းသုံးစက်ဘီးများကို ပြည်တွင်းသို့ ပင်လယ်ရေကြောင်းလမ်းမှတစ်ဆင့် ကွန်တိန်နာများဖြင့် ဝင်ရောက်လာခြင်းဖြစ်ရာ အရောင်းဆိုင်များက အသစ်နည်းပါးကောင်းမွန်စေရန် ပြုပြင်ဆေးကြော၍ ပြန်လည်ရောင်းချခြင်းဖြစ်ရာ ဝယ်ယူသူများအတွက် အသင့်စီးနင်းနိုင်သည်ဟု သိရသည်။

“ဂျပန်စက်ပစ္စည်းဆိုရင် မြန်မာတွေက စိတ်ချလက်ချရှိသလို ရောင်းတဲ့ဘီးတွေက အသစ်လောက်သန့်တော့ ဝယ်စီးကြတယ်။ စက်သုံးဆီဈေးတက်လာတဲ့နောက် စက်ဘီးဝယ်စီးကြတာ များလာပါတယ်” ဟု မြို့ခံတစ်ဦးက ပြောသည်။

အဆိုပါ ဂျပန်စက်ဘီး (အဟောင်း) များတွင် ဂီယာပါသည့် စက်ဘီးအမျိုးအစားအပြင် ကလေးစီးဘီးနှင့် လူကြီးစီးဘီးဟူ၍ အရွယ်အစားနှစ်မျိုးရှိရာ အခြေခံဈေးနှုန်းများမှာ ငွေကျပ် ၁၂၀၀၀၀ ဝန်းကျင်ရှိကာ ငွေကျပ် ၁၅၀၀၀၀ ထိရှိကြောင်း၊ ဂီယာနှင့်စက်ဘီးများတွင် ပြိုင်ဘီးသမားများ သီးသန့်စီးနင်းသော စက်ဘီးများမှာ ဈေးကွက်သီးသန့်ရှိကြောင်း သိရသည်။



**မောင်အေးချမ်း**

## စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် စကိုင်းနက်(SKYNET) တို့ပူးပေါင်းကျင်းပသော စကိုင်းနက် ရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ငါးချီစိန်ခေါ်ပွဲ ကီလိုတန်းအလိုက်ဆီမီးဖိုင်နယ်ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၌ ၆၀ ကီလိုတန်းများတွင် စောအယ်ဖူ(ဒို့ရိုးရာ) နှင့်ဟိန်းထွန်းအောင် (ရွှေသထုံ)တို့ ပထမချီမှ ပဉ္စမချီအထိ နှစ်ယောက်စလုံးဖွင့်ထိုးကြသည်။ စောအယ်ဖူထိုးလုံးထိုးပေါက်ကောင်းသော်လည်း ဟိန်းထွန်းအောင်၏ လက်သီးထိချက်များကြောင့် ဒိုင်သုံးဦးက ဟိန်းထွန်းအောင်ကို အမှတ်ဖြင့် အနိုင်ပေးလိုက်သည်။ နောက်တစ်ပွဲဖြစ်သည့် စောဘဟိန်း(ဘိလပ်မြေစက်ရုံ)လက်သီးတွဲလုံးများကြောင့် တတိယအချီမှာ မင်းကျော်ဇ(ဖွဲ့ကပင်မြေ)မယှဉ်ပြိုင်နိုင်ဘဲ အရှုံးပေးလိုက်ရပြီး စောဘဟိန်းဗိုလ်လုပွဲတက်ရောက်သွားသည်။

၆၃ ဒသမ ၅ ကီလိုတန်းတွင် နက္ခမင်း(ဖွဲ့ကပင်မြေ)နှင့် ကျားသွေး (ထွန်းထွန်းမင်း)တို့ပြိုင်ပွဲ၌ ပထမအချီတွင် နက္ခမင်းခြေကန်ချက်များကြောင့် ကျားသွေးညာခြေဒဏ်ရာရခဲ့ရာ ဒုတိယအချီ ၁၃ စက္ကန့်တွင် နက္ခမင်း ဆက်လက်ခြေကန်ချက်ကြောင့် ကျားသွေးအမှတ်စဉ်ရေခံရကာ မယှဉ်ပြိုင်နိုင်၍ နက္ခမင်းအနိုင်ရရှိသွားသည်။ ထို့ပြင် အဲမွီ(နဂါးမင်း) လက်သီးထိချက်ကြောင့် သက်ဝင်းအောင်(ရွှေသထုံ)ပထမချီအမှတ်စဉ် ရေတွက်ခံရသည်။ ဒုတိယအချီမှငါးချီမြောက်အထိ သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးသတ်ခဲ့ရာ အရှုံးအနိုင်မပေါ်ဘဲ ဒိုင်သုံးဦးက အမှတ်ဖြင့် အဲမွီကို အနိုင်ပေးလိုက်သည်။



၆၇ ကီလိုတန်းတွင် မာန်မင်းအောင်(ဘိလပ်မြေစက်ရုံ)နှင့် ကမ္ဘာရှား(AMT2)တို့ယှဉ်ပြိုင်ထိုးသတ်စဉ်။

၆၇ကီလိုတန်းတွင် စောမင်းမင်း(ရွှေသထုံ)နှင့်ကိုနိုင်း(ဇာနည်သွေး) ငါးချီပြည့်အထိသူတစ်ပြန်ကိုယ်တစ်ပြန်ထိုးကြသော်လည်း ဒိုင်သုံးဦးက စောမင်းမင်းကို အမှတ်ဖြင့်အနိုင်ပေးလိုက်သည်။ နောက်တစ်ပွဲဖြစ်သည့် မာန်မင်းအောင်(ဘိလပ်မြေစက်ရုံ)နှင့် ကမ္ဘာရှား(AMT2)တို့ပြိုင်ပွဲတွင် လေးချီမြောက်မှာ ကမ္ဘာရှားလက်သီးတွဲလုံးများကြောင့် မာန်မင်းအောင် အမှတ်စဉ်ရေတွက်ခံရပြီး မယှဉ်ပြိုင်နိုင်၍ ကမ္ဘာရှားအနိုင်ရရှိသွားသည်။ ဗိုလ်လုပွဲပြိုင်ပွဲများတွင် ၆၀ကီလိုတန်း၌ဟိန်းထွန်းအောင် (ရွှေသထုံ)နှင့်စောဘဟိန်း(ဘိလပ်မြေစက်ရုံ)၊ ၆၃ ဒသမ ၅ကီလိုတန်းတွင် နက္ခမင်း (ဖွဲ့ကပင်မြေ)နှင့်အဲမွီ(နဂါးမင်း)၊၆၇ကီလိုတန်းတွင် စောမင်းမင်း (ရွှေသထုံ)နှင့်ကမ္ဘာရှား(AMT2)၊၇၀-၇၁ကီလိုတန်းတွင်စောမင်းအောင် (တောင်ကလေး)နှင့် ကြယ်ကြီး(G3G)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၁၀ ရက် မွန်းလွဲ၂နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-ဗလစိုး**

## ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန် တိုက်စစ်မှူး နေမာ ဆန္ဒရှိနေ

ဘရာဇီးတိုက်စစ်မှူး နေမာဟာ ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ လက်ရှိကလပ် ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိနေပြီး ပီအက်စ်ဂျီအသင်းမှ ထွက်ခွာချိန်မှာ ၎င်းအတွက် ပျော်ရွှင်မှုရရှိစေမယ့် အသင်းတစ်သင်းကို ရှာဖွေလျက်ရှိတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး နေမာဟာ အပိုဆုကြေးမပါ ပုံမှန်လုပ်ခလစာ ယူရို ၄၃ သန်းနဲ့ လွန်ခဲ့တဲ့တစ်နှစ်က စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး အဲဒီစာချုပ်အရ နေမာရဲ့စာချုပ်သက်တမ်းဟာ ၂၀၂၇ ခုနှစ်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ပီအက်စ်ဂျီအသင်းဟာ အသင်းရဲ့ တိုက်စစ်ပိုင်းမှာ တိုက်စစ်မှူး အမ်ဘတ်ပီကိုသာ အားကိုးအားထားပြုတော့မှာ ဖြစ်တာမို့ တိုက်စစ်မှူး နေမာကို အသင်းကနေ ထွက်ခွာခွင့်ပြုဖို့လည်း စီစဉ်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး နေမာဟာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းဆီကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ယူရို ၂၂၂ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး နေမာဟာ ပီအက်စ်ဂျီအသင်းကို ရောက်ရှိလာပြီးနောက် လက်ရှိအချိန်အထိ ပြင်သစ်ပထမတန်း ဖလားလေးကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် တိုက်စစ်မှူး နေမာအပါအဝင် ကမ္ဘာ့ထိပ်တန်းကစားသမားတွေရှိနေတဲ့ ပီအက်စ်ဂျီအသင်းကတော့ ချန်ပီယံလိဂ်ဖလား ရယူဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ လွဲချော်နေရဆဲပဲဖြစ်ပါတယ်။

ဒါကြောင့် နေမာကိုယ်တိုင်က ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ဆန္ဒရှိနေတဲ့အပြင် ပီအက်စ်ဂျီအသင်းကလည်း နေမာကို အသင်းကနေ ထွက်ခွာခွင့်ပြုဖို့စီစဉ်ထားတာကြောင့် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းအပါအဝင် ဥရောပကလပ်အသင်းအများစုက ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

**ငွေကြယ်**

❍ **MNL မှ**

အသင်းမှာမူ နှစ်ပွဲဆက်ရှုံးပွဲနှင့်အတူ လာမည့်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

ရေဝတီအသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး တင်ဝင်းအောင်၊ ဇော်လင်း၊ အောင်နိုင်ဝင်း၊ ရန်ကျော်ထွေး၊ ရာဇာအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ စိုးအာကာ(ဂိုး)၊ ဇေယျာနိုင်၊ အိဘရာဟင်မ်၊ သက်ထွန်းအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရေဝတီအသင်းသည် ပွဲစကတည်းက တိုက်စစ်မြှင့်ကစားခဲ့ပြီး ၂၅ မိနစ်တွင် ရန်ကျော်ထွေးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် ရေဝတီအသင်းက ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။ ရေဝတီအသင်းသည် ဒုတိယပိုင်းအစတွင် ဂိုးထပ်မံရခဲ့သဖြင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၄၉ မိနစ်တွင် ရာဇာအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ရေဝတီခံစစ်က အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့ပြီး ရေဝတီအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၈ မိနစ်တွင် ရာဇာအောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂) တတိယနေ့ကို ဇူလိုင် ၄ ရက် ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ- MNL**

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဖိလစ်ပိုင်နိုင်ငံ၌ စတင်လေ့ကျင့်



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဖွန်လကုန်ပိုင်းက ရန်ကုန်မြို့၌ လေ့ကျင့်နေစဉ်။

ရန်ကုန် ဇူလိုင် ၃

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့ညနေပိုင်းတွင် မနီလာမြို့၌ ပထမဆုံးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်- ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြများ- ဒေါ်စန်းစန်းမော်၊ ဒေါ်အေးနန္ဒာလှိုင်၊ ဒေါ်နုနုခိုင်ဝင်း၊ ဂိုးနည်းပြ- ဦးယဉ်မင်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမား- မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ နောက်တန်း- ဖြူဖြူဝင်း၊ ချစ်ချစ်၊ ခင်သန်းဝေ၊ နန့်ဇူးဇူးထက်၊ အေးအေးမိုး၊ မေဖူးကို၊ ခင်မျိုးဝင်း၊ မိုးမမစိုး၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ အလယ်တန်း- ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ပို့ပို့ပြည့်မောင်၊ ဝင်းဝင်း၊ နှင်းပွင့်အေး၊ လင်းမြင့်မိုရ်၊ ဝေဖူးအိမ်၊ နော်ထက်ထက်ဝေ၊ ယဉ်လွန်းအိမ်၊ ခင်မိုးဝေ၊ ရှေ့တန်း- ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ မြတ်နိုးခင်နှင့် စန်းသော်သော်တို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စု ပထမပွဲအဖြစ် ဇူလိုင် ၅ ရက်တွင် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ဓာတ်ပုံ-သော်ကြီး**

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(က)ဒုတိယနေ့ မြန်မာနှင့်ထိုင်း တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၃

၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ဇူလိုင် ၄ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် နာမည်ကြီး ထိုင်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စု (က) ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် မြန်မာနှင့် ထိုင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အင်ဒိုနီးရှားနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၂ ရက်က ကျင်းပသည့် ပထမနေ့တွင် မြန်မာက ဘရူနိုင်းကို ခုနစ်ဂိုးပြတ်၊ ထိုင်းက ဖိလစ်ပိုင်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ ဂိုးမရှိသရေကျခဲ့သည်။ အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းအနေဖြင့် အသင်းကြီးများနှင့် ထိပ်တိုက်တွေ့ဆုံသည့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေပြီး ထိုင်းနှင့်ပွဲမှာ ပထမဆုံးစမ်းသပ်မှုဖြစ်လာမည်ဖြစ်သည်။ မြန်မာနှင့်ထိုင်း နှစ်သင်းစလုံးမှာ အဖွင့်ပွဲတွင် အနိုင်ရထားရာ ယခုပွဲအနိုင်ရသည့်အသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်မျှော်လင့်ချက် ပိုမိုရှင်သန်မည်ဖြစ်သည်။

မြန်မာအသင်းသည် ခြောက်သင်းပါဝင်သည့် အုပ်စု (က) တွင် ပါဝင်သဖြင့် အုပ်စုပွဲများကို တစ်ရက်ခြားကစားရမည်ဖြစ်ရာ ကစားသမားများ ပွဲမပန်းစေရန်နှင့် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

**ကိုညီလေး**

## ကြို့ပင်ကောက်မြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနက ဦးဆောင်ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လက်ပံပင်စုကျေးရွာအုပ်စု တမံဆည်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေး၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ကျွန်းပင်၆၀၊ မဟော်ဂနီတစ်ပင်၊ ယမနေ ၅၀၊ ပိတောက်တစ်ပင်၊ ခရေတစ်ပင်၊ ပျဉ်းကတိုး ၆၂ ပင်တို့ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

❖

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁-၇-၂၀၂၂ ရက်နေ့မှအဆက်**

"ကို၊ ကိုမောင်မောင်ဦး"

မိမိ၏အမည်ကို ရုတ်တရက် ခေါ်ဆိုခြင်းခံလိုက်ရသဖြင့် ကိုမောင်မောင်ဦး၏ ကိုယ်မှာ ဆတ်ခနဲတုန်သွားသည်။ မည်သို့မျှ မျှော်လင့်ထင်မှတ်ထားခြင်း မရှိသောကြောင့်လည်း ရင်မှာ တဖျပ်ဖျပ် တုန်လှုပ်လာသည်။ အန္တွံ့ထံ လှမ်းကြည့်လိုက်သည်။

ယခုအခါ အန္တွံ့၏ မျက်နှာပေါ်သို့ မီးရောင်ကျရောက်နေပြီ။ အန္တွံ့၏ မျက်နှာပေါ်မှ ဆံပင်တို့သည်လည်း မရှိတော့။ မျက်နှာကို သဲကွဲစွာ မြင်လာရသည်။ အန္တွံ့၏မျက်နှာမှာ မြင်ဖူး၊ တွေ့ဖူးသော မျက်နှာအနေအထားမျိုး၊ သို့ပေမဲ့ ရုတ်ခြည်းတော့ မမှတ်မိနိုင်။ ကြာမြင့်စွာ စူးစိုက်ကြည့်နေသည့်တိုင် စိတ်မှာ မသဲကွဲပေ။

မတင်ရွှေသည် အန္တွံ့နှင့် ကိုမောင်မောင်ဦးကို တစ်လှည့်စီကြည့်လာသည်။

"ဟေး၊ အန္တွံ့၊ ကြည့်စမ်း။ မိတ်ဟောင်း ဆွေဟောင်းတွေ တွေ့နေကြပြန်ပြီပေါ့လေ"

အန္တွံ့သည် မတင်ရွှေ၏စကားကို တုံ့ပြန်ခြင်းမပြု။ ကိုမောင်မောင်ဦး မျက်နှာပေါ်မှ အကြည့်ကိုလည်း လွှဲပြောင်းမပစ်သေး။

"ကိုမောင်မောင်ဦး ကျွန်မကို မမှတ်မိသေးဘူးထင်တယ်"

အန္တွံ့ထံမှ အသံထွက်လာသည်။ သူသည် ရှေ့သို့တိုးလာသည်။ ကိုမောင်မောင်ဦးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

"ကျွန်မ၊ ကျွန်မ ခင်သန်းနွဲ့လေ"

လှုပ်ရှားတုန်ယင်ရခြင်းသည် အန္တွံ့တစ်ယောက်တည်း ခံစားရသည် မဟုတ်။ ကိုမောင်မောင်ဦးကိုယ်တိုင်လည်း ခံစားလာရသည်။ စိတ်လှုပ်ရှားရခြင်းကြောင့် ဘာစကားမျှ မပြောဖြစ်။ ပြောဖို့လည်း သတိမရ။ မည်သို့ပြောရမည်လည်း မသိတတ်နိုင်။

"ဟုတ်ပါတယ် ကိုမောင်မောင်ဦး။ ကျွန်မ ခင်သန်းနွဲ့ပါ။ ကိုမောင်မောင်ဦးကို တွေ့ရလိမ့်မယ်လို့ ကျွန်မ ဘယ်လိုမှ မထင်ဘူး။ ကြည့်ပါဦး။ မမျှော်လင့်ဘဲနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာတွေ့ရတာ"

ယခုတော့လည်း ခင်သန်းနွဲ့တွင် အံ့သြတုန်လှုပ်ခြင်းသာမက ဝမ်းမြောက်ဝမ်းသာဖြစ်ရသည့် အသွင်သဏ္ဍာန်လည်း ပေါ်ပေါက်လာသည်။

မတင်ရွှေသည် ထိုင်ရာမှ ထရပ်လိုက်သည်။

"သွားပါပြီ။ ဒီညအဖို့ မိတင်ရွှေအတွက် ဘယ်လိုမှ မျှော်လင့်ချက်မရှိနိုင်တော့ဘူး။ စိတ်ချလက်ချအိပ်တာပဲ ကောင်းပါတယ်။ ကိုင်း အန္တွံ့၊ အမိဧည့်သည် အမိဘာသာပဲ ဧည့်ခံလိုက်ပေတော့"

ပြောပြောဆိုဆို အခန်းထဲဝင်သွားသည်။

ခင်သန်းနွဲ့နှင့် ကိုမောင်မောင်ဦးတို့ မတင်ရွှေ၏စကားကို မကြားမိသလို တစ်ယောက်မျက်နှာတစ်ယောက် စူးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

x x x x x

[၃]

ကိုမောင်မောင်ဦးသည် ဖန်ခွက်ကို ကောက်ယူကာ တစ်ကျိုက် နှစ်ကျိုက် သောက်လိုက်သည်။ ပြီးလျှင် ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချထားသည်။ ခင်သန်းနွဲ့၏မျက်နှာကို လှမ်းကြည့်သည် ခင်သန်းနွဲ့သည်လည်း ကိုမောင်မောင်ဦး၏မျက်နှာကို စူးစိုက်ကြည့်ဆဲပင် ရှိနေသေးသည်ဖြစ်ရာ မျက်လုံးချင်း ဆိုင်မိကြသည်။

ယခုအခါ ချမ်းစိမ့်အေးမြခြင်းကို ပူနွေးမှုးရီခြင်းက ဖုံးလွှမ်းထားလိုက်ပြီဟု ကိုမောင်မောင်ဦးထင်သည်။ တစ်ကိုယ်လုံး အနွေးဓာတ်လွှမ်းခြုံလာသည်ဟု မှတ်ယူသည်။ ချက်အရက်ပြင်းပြင်းသည် တစ်ခါတစ်ရံတော့လည်း ဆေးဝါးနှယ် အသုံးဝင်တတ်လေသည်။

သူ အရက်သောက်သည်ကို ခင်သန်းနွဲ့ စောင့်ကြည့်နေသည်။ သူ့၌ ပြောစရာစကား များစွာရှိနေခြင်းကို မျက်နှာအနေအထားက ဖော်ပြလျက်ရှိသည်။

"ကိုယ်တို့ချင်းမတွေ့ကြရတာ အနှစ်နှစ်ဆယ်လောက်ရှိပြီနော်"

ကိုမောင်မောင်ဦး စကားစသည်။

"ဆယ့်ရှစ်နှစ်ပါ"

"ဒီအတွင်းမှာ မင်း အတော်ပြောင်းလဲသွားတယ်"

ကိုမောင်မောင်ဦး မှတ်ချက်ချလိုက်သည်။ မှန်သည်။ ခင်သန်းနွဲ့သည် ယခင်ကနှင့်စာလျှင် များစွာ အိုစာသွားသည်။ အဘွားကြီးအိုကလေးလို ဖြစ်နေသည်။ လူမှာလည်း များစွာပိန်နေသည်။ မျက်နှာအနေအထားမှာ ရင့်ရော်ဟန်ပါသော်လည်း ယခင်ရှိရင်းစွဲ ရုပ်သဏ္ဍာန်မှာမူ ပေါ်လွင်နေဆဲသာဖြစ်သည်။

သူ့တွင် ယခင်ကလို သွက်လက်ခြင်း၊ တက်ကြွခြင်း၊ ကလေးဆန်ခြင်း စသည်တို့ကို မတွေ့ရတော့ပေ။ တည်ငြိမ်ရင့်ကျက်ဟန်၊ နွမ်းနယ်ဟန်တို့ လွှမ်းနေသည်။

"ရှင်ကတော့ သိပ်မပြောင်းလွဲလှပါဘူး။ ရင့်လာတာတစ်ခုပါပဲ။ ဒါကြောင့် ကျွန်မ ရှင့်ကို မြင်ရင်မြင်ချင်း မှတ်မိတာပဲထင်ပါရဲ့"

"မင်း ဒီကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ ခင်သန်းနွဲ့ရယ်"

ကိုမောင်မောင်ဦး ညည်းညူသလို မေးလိုက်သည်။

" ဒါတွေပြောရမှာ အရှည်ကြီးပါ"

"ဒါထက် မင်းနဲ့ မတင်ရွှေက ဘယ်လိုလဲဟင်"

သည်အမေးကို ခင်သန်းနွဲ့ ရုတ်တရက် အဖြေမပေး။ ခေါင်းငုံ့လိုက်သည်။ မျက်လွှာချလိုက်သည်။

"ကိုမောင်မောင်ဦး မြင်တဲ့အတိုင်းပဲပေါ့။ သူက ဒီအိမ်ရှင်။ ကျွန်မက သူ့အိမ်မှာ ကပ်နေရတာ။ သူ့ယောကျ်ားက ဘိန်းမှုနဲ့ ထောင်ကျနေတယ်။ သူဟာ သူ့ဝမ်းသူကျောင်းနေတယ်။ ကျွန်မလည်း ဒီလိုပဲပေါ့။ ကျွန်မဝမ်း ကျွန်မ ကျောင်းနေရတာပဲ"

စကား၏ တစ်ဝက်တစ်ပျက်လောက် အရောက်တွင် ခင်သန်းနွဲ့ မျက်နှာမော့လာသည်။ ကိုမောင်မောင်ဦး၏ မျက်နှာကို စိုက်ကြည့်သည်။ သူ၏မျက်နှာမှာ ညှိုးရော်နေသည်။ မျက်ဝန်းသည် မျက်ရည်ကြည်ဖြင့် ပြည့်လျှမ်းနေသည်။

ကိုမောင်မောင်ဦး သက်ပြင်းရှိုက်ရင်း ဖန်ခွက်ကို ကောက်ယူလိုက်သည်။

"မင်း အတော်ပြောင်းလဲသွားတယ် ဆိုတဲ့ ကိုယ့်စကားဟာ မှားနေတယ်။ တကယ် မင်းဟာ ဘာမှမပြောင်းလဲသေးပါလား။ မင်းနဲ့ကိုယ်တို့ နောက်ဆုံးတွေ့ကြတော့ ကတိပေးစကားတွေ အမှတ်ရသေးသလား ခင်သန်းနွဲ့။ ဘဝတစ်လျှောက်လုံး မိန်းမကောင်းတစ်ယောက်အဖြစ် မြင်ရစေ့မယ်ဆိုတာလေ။ မင်း ကတိမတည်ဘူး"

"ဟုတ်ပါတယ် ကိုမောင်မောင်ဦး။ ကျွန်မ ကတိမတည်ဘူး။ ကျွန်မလို မိန်းမတစ်ယောက်ကပေးခဲ့တဲ့ကတိကို ရှင်ယုံကြည်တာ အံ့သြစရာကောင်းတယ်"

"ကိုယ်ဟာ ဘယ်သူ့ကိုမဆို အလွယ်တကူယုံကြည်တတ်ပါတယ်"

"ကျွန်မကြိုးစားပါတယ်။ ကတိတည်နိုင်အောင် ကြိုးစားပါတယ်။ ကိုယ့်ဘဝအတွက်သာ မတည်တာပါ။ တချို့နေရာတွေမှာတော့ ပေးခဲ့တဲ့ကတိကို စောင့်ထိန်းနိုင်ခဲ့ပါတယ် ကိုမောင်မောင်ဦး။ အဲဒီအတွက် ကိုယ့်ဘဝကိုယ် ရေစုန်မျှောခဲ့တာလည်းပါတယ်။ ဘာပြောပြောပေါ့ရှင်။ ကျွန်မဘဝနဲ့ကျွန်မ ကျေနပ်ပါတယ်။ ကျွန်မဟာ ပြည့်တန်ဆာပါ။ ကျွန်မတို့ဘဝမှာ ဒီထက်ပြောင်းလဲစရာ မရှိခဲ့ပါဘူး ကိုမောင်မောင်ဦး"

"ဒါက လူအပေါ်မှာတည်တာပါ"

"ဟုတ်ပါတယ်။ လူကိုလိုက်ပြီးဖြစ်ကြတာပါ။ လူဆိုတာ တစ်ယောက်တည်းကို ပြောတာမဟုတ်ဘူး။ လူတွေအားလုံးကို ပြောမှရမှာ။ လူတွေက ကျွန်မကို ဘယ်လိုသတ်မှတ်ကြသလဲ။ မိန်းမပျက်လို့ သတ်မှတ်တယ်မဟုတ်လား။ ကျွန်မ တစ်ကိုယ်တည်းသက်သက်က ဘယ်လိုပဲ ကောင်းအောင်ကြိုးစားကြိုးစား၊ ဘယ်လိုကောင်းအောင်ပဲနေနေ ကျွန်မကို လူတွေက အကောင်းလို့မမြင်ကြဘူး။ ဒါတွေဟာ အထူးပြောစရာလိုတဲ့ ကိစ္စမျိုးမဟုတ်ပါဘူး ကိုမောင်မောင်ဦးရယ်။

လူတွေဆိုတဲ့အထဲမှာ ရှင်လည်းပါတာပဲ မဟုတ်လား။ တကယ်တမ်းတွက်ကြည့်ရင် ကျွန်မဟာ ရှင့်အဖေရဲ့ မယားပါ။ ရှင့်ရဲ့ မိထွေးပါ။ ရှင်ကိုယ်တိုင်ကတောင် ကျွန်မကို မိထွေးတစ်ယောက်လို့ မထင်နိုင်ခဲ့ရင် တခြားလူတွေက မိန်းမကောင်းလို့ မထင်နိုင်တာ ဘာများဆန်းသလဲ"

ခင်သန်းနွဲ့၏မျက်နှာမှာ ညှိုးငယ်သည်မှန်စေ၊ ဖျော့တော့သည်မှန်စေ တင်းတင်းမာမာ ခက်ခက်ထန်ထန်ရှိလာသည် အမှန်ပင်။ ပြီး သည်မိန်းကလေးမှာ လွန်ခဲ့သော လေးငါးဆယ်နှစ်ကလို မဟုတ်တော့။ အသက်အရွယ်အရ သူ့မှာ အတွေးအခေါ် ရှိလာဟန်တူသည်။ အသက်က လူကို ဆုံးမခဲ့ဟန်တူသည်။ နက်နဲသောစကားတို့ကို ဆိုတတ်လာလေပြီကော။

"ရှင်နဲ့ နောက်ဆုံးတွေ့ခဲ့ပြီးတဲ့နောက် ကျွန်မကိုယ်ကျွန်မ ဆုံးမပါတယ်။ ပြုပြင်ပါတယ်။ ကောင်းရောင်းကောင်းဝယ် လုပ်စားဖို့ စိတ်ကူးခဲ့ပါတယ်။ ဒါပေမဲ့ အရာရာတိုင်းမှာ ရှုံးခဲ့တယ်။ လူတွေကို ကျွန်မ မနိုင်ခဲ့ဘူး။ ကိုယ့်ဘဝကို မြှုပ်ဖို့ ကြိုးစားတယ် မအောင်မြင်ဘူး။ ဒီလိုနဲ့ နောက်ဆုံးတော့ ကျွန်မဟာ ဒီသံသရာမှာပဲ ပြန်ပြီးကျင်လည်ခဲ့ရတယ်။ ဒီလိုနဲ့ ကျွန်မသေဆုံးသွားရမှာပဲ ကိုမောင်မောင်ဦး"

ကိုမောင်မောင်ဦး အရက်တော်တော်များများကို သောက်ချလိုက်သည်။ လည်ချောင်းထဲမှာ ပူလာသည်။ ရင်ထဲမှာ ပူလာသည်။

စင်စစ် ရင်ထဲကပူရသည်မှာ အရက်ကြောင့်ချည်းမဟုတ်။ ခင်သန်းနွဲ့၏ စကားများကြောင့်လည်း ဖြစ်သည် ဆိုခြင်းကို စဉ်းစားမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**❛ မိမိ၏အမည်ကို ရုတ်တရက်ခေါ်ဆိုခြင်းခံလိုက်ရသဖြင့် ကိုမောင်မောင်ဦး၏ကိုယ်မှာ ဆတ်ခနဲတုန်သွားသည်။ မည်သို့မျှ မျှော်လင့်ထင်မှတ်ထားခြင်းမရှိသောကြောင့်လည်း ရင်မှာ တဖျပ်ဖျပ်တုန်လှုပ်လာသည်။ အန္တွံ့ထံ လှမ်းကြည့်လိုက်သည်။ ယခုအခါ အန္တွံ့၏မျက်နှာပေါ်သို့ မီးရောင်ကျရောက်နေပြီ။ အန္တွံ့၏မျက်နှာပေါ်မှ ဆံပင်တို့သည်လည်း မရှိတော့။ မျက်နှာကို သဲကွဲစွာ မြင်လာရသည်။ အန္တွံ့၏မျက်နှာမှာ မြင်ဖူး၊ တွေ့ဖူးသော မျက်နှာအနေအထားမျိုး၊ သို့ပေမဲ့ ရုတ်ခြည်းတော့မမှတ်မိနိုင်။ ကြာမြင့်စွာ စူးစိုက်ကြည့် . . . ❜**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တွင် ယမန်နှစ်ထက် ကြယ်လိပ်များ ပိုမိုပေါက်ဖွား

ညောင်ဦး ဇူလိုင် ၃

လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ယခုနှစ် ကြယ်လိပ် ၁၅၇၆ ကောင် ပေါက်ဖွားခဲ့ပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ကြယ်လိပ်ကောင်ရေ ၂၆၆ ကောင် ပိုမိုပေါက်ဖွားလာကြောင်း သိရသည်။

ယခင်နှစ်က ကြယ်လိပ်သားပေါက် ၁၃၅၀ ပေါက်ဖွားခဲ့ပြီး ဥယျာဉ်တွင် ကြယ်လိပ်အထီး ၄၂ ကောင်၊ အမ ၄၀ စုစုပေါင်း ၈၂ ကောင်ကို ၂၀၀၁ ခုနှစ်တွင် စတင်မွေးမြူခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ သစ်တောဦးစီးဌာန လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် မြန်မာ့ကြယ်လိပ်များကို ခြံလှောင်မွေးမြူစနစ်ဖြင့် မွေးမြူလျက်ရှိသည်။

ကြယ်လိပ်များသည် မြန်မာတစ်နိုင်ငံတည်းသာရှိသည့် ဌာနေဖွားမျိုးစိတ်ဖြစ်ပြီး နေရင်းဒေသများတွင် မျိုးတုံးရန် အလွန်နီးကပ်နေခြင်းကြောင့် မျိုးဆက်မပြတ်ရေးအတွက် မွေးမြူ၍ ပေါက်ဖွားလာစေရန်၊ တိုးပွားလာသောသားပေါက်များကို ၎င်းတို့နေရင်းဒေသများသို့ ပြန်လွှတ်ပေးရန်၊ ကြယ်လိပ်ဝါသနာရှင်များ၊ ကြယ်လိပ်ပညာရှင်များ သုတေသနပြုနိုင်ရန်နှင့် အများပြည်သူ အနီးကပ်လေ့လာကြည့်ရှုနိုင်စေရန်တို့အတွက်ဖြစ်ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်က ရှင်းပြသည်။

ထို့ကြောင့် ကြယ်လိပ်များမျိုးဆက်မပြတ်ရေးအတွက် အရွယ်ရောက်ကြယ်လိပ်မ ၁၅၅ ကောင်သည် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၈ ရက်အထိ ဥကျင်း ၄၃၆ ကျင်း၌ ကြယ်လိပ်ဥလုံးရေ ၂၈၉၉ လုံးဥထားခဲ့ကြောင်း၊ ဥဥရာတွင် မြေကြီးအနက် ခြောက်လက်မခန့်နှင့် ဥကျင်းအကျယ် လေးလက်မခန့် ကျင်းများထဲတွင် ဥချခဲ့ကြောင်း၊ ဥကျင်းများထဲတွင် သုံးလမှ ကိုးလအထိ ကြာမြင့်တတ်သည့်အတွက် နေရာပျောက်မသွားစေရန် ဥကျင်းနှင့် ရှစ်လက်မအကွာတွင် မှတ်တိုင်စိုက်ထူ၍ ထားရကြောင်း၊ ယင်းမှတ်တိုင်တွင် လိပ်မအမှတ်၊ ဥ ဥသည့်ရက်စွဲ၊ ဥအလုံးအရေအတွက်၊ အကြိမ်ရေ၊ လိပ်ကျင်းတည်နေရာပြမြားတို့ကို စိုက်ထူဖော်ပြထားကြောင်း၊ အဆိုပါ ဥကျင်းများအနက် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကြယ်လိပ်မအမှတ်(၂၅၃) ဥထားသော ဥကျင်းမှ ဥခြောက်လုံးသည် ၂၀၂၂ ခုနှစ် မေ ၁၈ ရက်တွင် ကြယ်လိပ်ငယ် ခြောက်ကောင်စတင်ပေါက်ဖွားခဲ့ပြီး လောကနန္ဒာဘေးမဲ့တောဥယျာဉ်၌ ကြယ်လိပ်သားပေါက်ရာသီသို့ စတင်ဝင်ရောက်ခဲ့ကြောင်း၊ ဆက်လက်၍ အခြားဥကျင်းများထဲမှ ကြယ်လိပ်ဥများလည်း ထပ်မံပေါက်ဖွားလာခဲ့ရာ ၂၀၂၂ ခုနှစ် ဇွန် ၂၈ ရက်ထိ ကြယ်လိပ်သားပေါက် ၁၅၇၆ ကောင်ပေါက်ဖွားလာခဲ့ပြီး ကြယ်လိပ်ပေါက်ရာသီမှာလည်း ကုန်ဆုံးခဲ့ကြောင်း သိရသည်။

ယခုအခါ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် အရွယ်စုံကြယ်လိပ် ၈၇၈၈ ကောင်ရှိပြီး နေရင်းဒေသများသို့ ပြန်လည်စေလွှတ်ခဲ့သည့် ကြယ်လိပ် ၂၆၅၀ အပါအဝင် ၁၁၄၃၈ ကောင် ပေါက်ဖွားခဲ့ပြီးဖြစ်သည်။

ခရိုင်(ပြန်/ဆက်)






# စဉ့်ကူးမြို့နယ် ခူလည်အင်းအတွင်း ငါးရစ်ငါးသန်ကာလ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းသည် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေလင်းနှင့် ဝန်ထမ်းများ လိုက်ပါလျက် အင်းဂရန်ကိုင် အင်းသားကြီးများနှင့်အတူ ဇူလိုင် ၂ ရက်က စဉ့်ကူးမြို့နယ် ခူလည်ကျေးရွာရှိ သုတေသနအင်းဖြစ်သည့် ခူလည်အင်းအတွင်း အင်းရေဝင်ရေထွက်ပေါက်များတည်ရှိမှု၊ အင်းရေဝင်ရောက်မှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ငါးရစ်၊ ငါးသန်ကာလအတွင်း ငါးဖမ်းစီးမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း (၄/၂၀၂၂)ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်၍ မြိတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း (၄/၂၀၂၂)ကို ဇူလိုင် ၁ ရက်က မြိတ်မြို့ အင်းလေးမြိုင်ရပ်ကွက် ငါးလေးလံဈေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါသင်တန်းသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦး၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးရန်ကင်း၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းသား(ပွဲနင်း) ၈၂ ဦးတက်ရောက်ခဲ့သည်။ ခရိုင်ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သက်ဆိုင်ရာဌာနများအလိုက် သင်တန်းပို့ချခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


ဥတု
ရာသီ
တောကို
မှီ၏



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/B) ရပ်ကွက်၊ အကောက်ခွန်(၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ မြေကွက်အမှတ်(၂၀၃)၊ အကျယ်အဝန်း(၄၀'×၆၀')အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အကောက်ခွန်(၇)လမ်းမှမျက်နှာမူလျှင်(ဝဲဘက်ခြမ်း)၊ (၂၀'×၆၀')အကျယ်ရှိ ဦးမြင့်သောင်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျင်ထွေး (၁၀/ရမန(နိုင်)၀၀၂၅၄၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်စန်း လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နှင်းနုလွင်

(LL.B, D.B.L, D.I.L) (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၀၀၀၊ ၀၉-၀၀၃၀၂၀၀၉၆



ဒေါ်မြင့်မြင့်နွယ်(၁၄/မမက(နိုင်) ၁၄၁၂၀၁)၊ (ဘ)ဦးစံမောင်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းလှ(၁၄/ဘကလ(နိုင်) ၃၆၉၄၂၄)၊ အမှတ်-၅၇၈/က၊ မင်းရာဇာလမ်း၊(၂၀)ရပ်ကွက်၊လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာ အပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းလှ(၁၄/ဘကလ(နိုင်) ၃၆၉၄၂၄) မှ တူမဖြစ်သူ ဒေါ်မြင့်မြင့်နွယ် (၁၄/မမက(နိုင်) ၁၄၁၂၀၁)ကို ဒေါ်စန်းလှပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မင်းရာဇာလမ်း၊ အမှတ်-၅၇၈/က ဟုခေါ်တွင်သော(၂၀× ၆၀)ပေဧရိယာ မြေကွက်အား(၁၅.၆.၂၀၂၁)ရက်စွဲပါပြေပြစ်သက်သက်ဖြင့်ပစ္စည်းများလက်ရောက်အပိုင်ပေးခြင်းသဘောတူကတိစာချုပ်(အရပ်ကတိ)စာချုပ်ဖြင့် ပေးကမ်းခဲ့ပါသည်။ယခုအခါ ဒေါ်မြင့်မြင့်နွယ် နှင့် ၎င်းနှင့်ပတ်သက်ဆက်နွယ်သူမှ ပေးကမ်းထားသည့်မြေကွက်နှင့် ပတ်သက်၍ အလွဲသုံးစားပြုလုပ်နေကြောင်းသိရှိရပါသဖြင့်(၁၅.၆.၂၀၂၁)ရက်စွဲပါ ပေးကမ်းခြင်းကတိစာချုပ်အားပြန်လည်၍ ဖျက်သိမ်းလိုက်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်စန်းလှကိုယ်တိုင်မသိစေဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ကြပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စန်းလှ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မျိုးနွယ်(LL.B) ဒေါ်သီတာဖြိုး(LL.B) ဒေါ်သက်သက်ဝင်းဝါ(LL.B)

တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ , အထက်တန်းရှေ့နေ

စဉ်-၁၅၅၉၄ စဉ်-၁၅၆၆၁ စဉ်-၅၄၁၃၉

အမှတ်-၁၆/၂၅၀၊ချယ်ရီလမ်း၊ကစင်ကျေးရွာ၊လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ဖုန်း- ၀၉၄၅၅၅၇၄၃၂၃၃



## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ မြေကွက်အမှတ်-ရ၂၉(က)၊ အလျား ၂၀ ပေ x အနံ ၆၀ ပေ အကျယ်ရှိသော ဒေါ်ငွေမြိုင် အမည်ပေါက်ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ အလျား ၁၀ ပေ x အနံ ၆၀ ပေ အကျယ်ရှိ အမှတ် - ရ၂၉ (က)၊ ရတနာလမ်း၊ ၁၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ထွန်းထွန်းဝါ (၁၂/ဗဟန (နိုင်) ၀၀၂၉၀၀) ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖူးသဥ္ဇာသော် LL.B

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၆၅)

ဖုန်း - ၀၉ ၂၅၀၅၀၂၅၃၁



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ သရဖီလမ်း(ခ)ဒူးယား(၄)လမ်းနှင့် နေကြာလမ်းထောင့် မြေကွက်အမှတ်(၄၇၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ (၁)ထပ်တိုက်အဆောက်အဦသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးကျော်ဝင်း(NYHE/078013)၊ [၁၂/ဗတထ(နိုင်)၀၁၈၃၀၁]အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ ယခုရောင်းချသူ ဦးအောင်ကိုကို ကျော်[၇/ညလပ(နိုင်)၁၂၂၃၃၆]မှ အရပ်ကတိစာချုပ်ချုပ်ဆိုပြီး မိမိတို့ တရားဝင် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိမ့်ဖြူနိုင်LL.B,D.B.L,DML

တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)

တိုက်-(အေ-၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊ ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂



တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၀၃ ဆူ | ၄၁၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၉ ခန်း | ၄၀၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၁ တိုင် | ၁၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၇ တိုင် | ၆၃ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၈ ကျင်း | ၁၆၂၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဒေါ်သန်းတင် (M.A-MATHS)

**ပါမောက္ခ-ဌာနမှူး သင်္ချာဌာန(ငြိမ်း)**
**မော်လမြိုင်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်**

## အသက်(၇၈)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းနယ်မြေ၊ လှိုင်ရပ်၊ လှိုင်ဈေးလမ်း၊ အမှတ်(၈-စီ)နေ [ဦးပီလေး(ခ)ဦးဘညွန့်-ဒေါ်သာယာမား(လ်)(ခ)ဒေါ်အေးစိန်] တို့၏ သမီး၊ [ဦးအောင်မြင့်(အင်ဂျင်နီယာချုပ်-ငြိမ်း၊ MOGE]- ဒေါ်ခင်ခင်ငွေ တို့၏ ညီမ၊ ဦးဘမြင့် (ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ MPPE)- ဒေါ်ညွန့်ညွန့်တင် (အလယ်တန်းပြ-ငြိမ်း)၏ အစ်မ၊ ဦးသိန်းထွန်းအောင် (USA)၊ ဒေါက်တာသီတာအောင်(မလေးရှား)၊ ဦးထွန်းဇော်နိုင်မြင့် (အင်ဂျင်နီယာ M&E)၊ ဦးမင်းသန့်ဇော်မြင့် (အင်ဂျင်နီယာ-စက်မှု)၊ ဒေါ်ထက်ထက်အောင်မြင့် (သူနာပြု)တို့၏ အဒေါ် ဒေါ်သန်းတင်သည် ၂-၇-၂၀၂၂ (စနေနေ့) ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မော်လမြိုင်မြို့၊ ပိန္နဲကုန်းရပ်ကွက်ရှိ တမိ(လ်) ဟိန္ဒူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများနှင့် ဆရာမကြီး၏ တပည့်၊ ဆရာ၊ ဆရာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄/ကံဘဲ့၊ မြေကွက်အမှတ်-၃၆/ဃ၂၊ ဧရိယာ (၀.၁၀၅)ဧကရှိ B. လ/န ၃(ခ) မြေပိုင်မြေ အမျိုးအစားနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၃၆(ဃ၂)၊ မိုးကောင်းလမ်း၊ စပယ်မြိုင်ခြံ၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ နေအိမ်အဆောက်အဦ၊ ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြို့မြေ စာရင်းတွင် တရားဝင် အမည်ပေါက် ပိုင်ဆိုင်၊ နေထိုင်ပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ ဝန်ခံကတိပြုသူ (၁) ဒေါ်ဥမ္မာတင် (ဘ) ဦးတင်ညွန့် [၁၂/ကတတ(နိုင်)၀၀၈၆၆၆]၊ (၂) ဒေါ်ဝတ်ရည်ဝင့် (ဘ)ဦးတင်ညွန့် [၁၂/ကတတ(နိုင်)၀၀၈၆၆၇]၊ (၃) ဦးအောင်စိုးမိုး (ဘ) ဦးတင်ညွန့် (၆/ကသန(နိုင်)၀၀၁၅၅၃)တို့မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် သဘောတူညီ၍ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B,D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)**
**အမှတ်-၆၅၃၊ ဇာနည် (၁၄) လမ်း၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၄၂၁၁၁၄၈၈၃၊**
**Email: htarnwekhin92@gmail.com**

---

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၅၄)ဟုခေါ်တွင်သည့် Hall (၆)ထပ် တိုက်ရှိ ပထမထပ် (၂-လွှာ) တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

အထက်ပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်စိုးအောင် [၁၂/သဃက(နိုင်)၀၆၁၇၃၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဇ္ဇာရှိန်း ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်ကိုလင်း(ကော့မှူး)** | **ဒေါ်နေခြည်ရွှန်းလဲ့** | **ဒေါ်ပြည့်သဇ္ဇာဌေး** |
| **LL.B, D.B.L** | **LL.B** | **LL.B** |
| **(စဉ်-၁၃၀၇၂)** | **(စဉ်-၅၀၄၂၉)** | **(စဉ်-၅၄၅၂၈)** |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်(၅၈/၆၀)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၄၀၆၅၊ ၀၉-၇၈၉၅၁၀၉၀၃**

---

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၁၉)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက်ရှိ (၆-လွှာ) ခြေရင်းတိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

အထက်ပါတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းရီ [၁၂/စခန(နိုင်)၀၁၁၅၂၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အ ပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြေညာချက်ပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇော၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်ကိုလင်း(ကော့မှူး)** | **ဒေါ်နေခြည်ရွှန်းလဲ့** | **ဒေါ်ပြည့်သဇ္ဇာဌေး** |
| **LL.B, D.B.L** | **LL.B** | **LL.B** |
| **(စဉ်-၁၃၀၇၂)** | **(စဉ်-၅၀၄၂၉)** | **(စဉ်-၅၄၅၂၈)** |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်(၅၈/၆၀)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၄၀၆၅၊ ၀၉-၇၈၉၅၁၀၉၀၃**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ အောင်မင်္ဂလာ(၁)လမ်း၊ မြေကွက်အမှတ်(၁၄၁၉)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား x အနံ (၄၀x၆၀)ပေ ဧရိယာ(၂၄၀၀)စတုရန်းပေ မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ ဦးမျိုးဇော်[၁၄/မအန(နိုင်)၀၅၁၆၇၉]မှ ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်လတ် [၁၂/ဥကမ(နိုင်)၁၀၇၈၇၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၀-၇-၂၀၂၂)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်လတ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၆၉)**
**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၁၁၀၁၁၃၄**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၂)၊ ဗိုလ်မင်းရောင်(၂)လမ်း၊ မြေကွက်အမှတ်(၁၀၀၈)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား x အနံ (၄၀x၆၀)ပေ ဧရိယာ (၀.၀၅၅)ဧက၊ နှစ်(၆၀) ဂရန်အမည်ပေါက်မြေကွက်ပိုင်ရှင်ဖြစ်သူ ဒေါ်တင်ဆိုင် [၁၂/လမန(နိုင်)၀၆၈၄၇၁]မှ မြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးစုခိုင် [၁၂/ဒဂမ(နိုင်)၀၁၀၆၃၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၀-၇-၂၀၂၂) ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးစုခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၆၉)**
**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၁၁၀၁၁၃၄**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ယခင်-၅၀)(ယခု-၅၁)၊ မြေကွက်အမှတ် (၉၄၉/က)၊ ဘုရင့်နောင်လမ်း၊ အမှတ်(၉၄၉/က)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား ဦးအောင်ကြည် (ISN-၁၀၈၄၆၉)အမည်ဖြင့်ရှိသော အကျယ်အဝန်း အလျား ပေ(၂၀) x အနံ (၆၀)ပေ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးမောင်ဦးနှင့် ဒေါ်ခင်ငြိမ်းထွေးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီခိုင်မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်နော်အိန္ဒြေဖူးသစ်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၆၇၄)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉- ၂၅၉၆၈၆၀၈၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၃၉၉/ခ)၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေ၊ ၁၂၀၀ စတုရန်းပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဒေါ်ခင်(CF-058900) အမည်ဖြင့် တည်ရှိသော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ထံမှ ယခုရောင်းချသူက တရားဝင်ပိုင်ဆိုင်ပြီး ယခုလက်ရောက်ပိုင်ဆိုင်သူ ဦးစိုးလင်းထွန်း [၁၂/သကတ(နိုင်)၁၄၀၇၉၁]ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါပြီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုအပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်လှလှခိုင် (လိုင်စင်-၂၃၃၈၀) အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၇၀၀၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၁)လမ်း၊ အမှတ်(၂၈၈/က)၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေမြေကွက်အမှတ်(၄)၊ ဧရိယာ(၂၀x၆၀)ပေရှိဦးသောင်းရွှေ၊ ဒေါ်လှခင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးသောင်းရွှေ၊ ဒေါ်လှခင်တို့၏ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြသော ၁။ ဒေါ်ခိုင်ခိုင်ဝင်း [၁၂/သကတ(နိုင်)၀၁၃၁၆၅]၊ ၂။ ဒေါ်စန္ဒာဝင်း [၁၂/သကတ(နိုင်)၀၀၀၇၉၆]၊ ၃။ ဦးထွန်းအောင်မိုး [၁၂/သကတ(နိုင်)၁၂၂၄၇၃]၊ ၄။ ဦးဟန်သိန်း [၁၂/သကတ(နိုင်)၁၂၂၄၇၂]တို့က တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာရောင်းချရန် အဆိုပြု ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအေးမင်းထွန်း [၁၂/သကတ(နိုင်)၁၃၇၂၁၀]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စီစီအေး (စဉ်-၁၅၅၀၉)** | **ဒေါ်မေသကြိန် (စဉ်-၁၅၅၄၄)** |
| **တရားလွှတ်တော်ရှေ့နေ (LL.B, D.B.L)** | **တရားလွှတ်တော်ရှေ့နေ (LL.B)** |

**အမှတ်(၁၄၆)၊ ပထမထပ်(အေ)၊ ဓမ္မာသီရိ(၇)လမ်း၊ ဓမ္မာသီရိရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၃၅၁၇၇**

---

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (စီ)၉-လမ်း၊ တိုက်(၃၆)၊ အခန်းအမှတ်(၃၀၃)၊ လူနေတိုက်ခန်းအား မူလအမည်ပေါက်ပိုင်ရှင် ဦးစောညီညီထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဦးကျော်ဇင်လတ် [၁၂/တမန(နိုင်)၁၀၀၂၁၄]က တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးကျော်ကျော်ဆွေ [၁၄/မမန(နိုင်)၀၂၅၆၀၂]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူသွားရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီး ဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ကျော်ဆွေ** | **ဒေါ်ခင်ခင်ဆု(LL.B)** |
| **[၁၄/မမန(နိုင်)၀၂၅၆၀၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၆၇)** |
| | **အမှတ်(၂၆၆)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၂၅၄၃၁၈၂၉၈** |

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်(မြောက်)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၉) ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့်တိုက်၏ ပဉ္စမထပ် (ခေါင်းရင်းခန်း)၊ အလျား (၁၄')x အနံ (၅၁') အကျယ်အဝန်းရှိသော တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးထွန်းရွှေ [၁၂/စခန(နိုင်)၀၁၅၅၈၀]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးဆက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၂၇) (၂၃-၁-၂၀၂၀)**
**အမှတ်(၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-250613861**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကန်တော်မွန်အိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၁၀၃)၊ အခန်း၏အမည်ပေါက် ဗိုလ်ထွန်းလင်း(ကြည်း-၂၉၅၆၁) အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်မူရင်း စာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ယင်းအခန်းအား ဝယ်ယူထားကြောင်း စာချုပ်စာတမ်း အထောက်အထားများဖြင့် ဒေါ်လုရာ(ခ)လဗျလုရာ [၁/မကန(နိုင်)၁၀၄၆၁၈]မှ လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၂၅)၊ မြေညီထပ်/ခေါင်းရင်းဘက်ခြမ်း တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့သာပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပိုင်ရောင်းသူများဖြစ်ကြသော (၁)ဒေါ်ခင်ဝင်းမာ[၁၂/တမန(နိုင်)၀၄၄၄၇၉]၊ (၂)ဒေါ်ခင်သန်းဌေး[၁၂/တမန(နိုင်)၀၂၂၅၇၉]တို့နှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ပြည့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၄၈)**
**အမှတ်(၈၄/ပ-ထပ်)၊ ၉၄-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၀၀၇၁၉၃**


---

# မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်


---

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။









### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။





---

## အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၂

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေးစဉ်။

**ပုဂံ ဇူလိုင် ၃**

မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် ယနေ့ နံနက် ၁၁ နာရီတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ပုဂံမြို့ နန်းမြင့်မျှော်စင် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

**ပိုမိုမြှင့်တင်**

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂**

## MNL ပြိုင်ပွဲတွင် ရောဝတီအသင်း ပထမဆုံးနိုင်ပွဲရရှိ



ရောဝတီနှင့် ရခိုင်အသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇူလိုင် ၃**

၂၀၂၂ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့အဖြစ် ရောဝတီအသင်းနှင့် ရခိုင်အသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

**ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့**

ရာသီအစ အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ရောဝတီအသင်းက ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ပထမဆုံး နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○**


**ယနေ့ ဖတ်စရာ**

**လောင်စာဆီတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၅၈၇ သန်း ပေးချေရန် သီရိလင်္ကာနိုင်ငံ လိုအပ်လျက်ရှိ** စာမျက်နှာ » ၁၃

**ဥကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချ နေထိုင်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ » ၁၅

**ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန် တိုက်စစ်မှူးနေမာ ဆန္ဒရှိနေ** စာမျက်နှာ » ၂၄